မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၁၄ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၄၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးသာအေး ၂၀၀၉ခုနှစ် စစ်ကိုင်းတိုင်း ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နိုဝင်ဘာ ၈ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများ၊ အောင်ချက်အကောင်းဆုံး မြို့နယ်များနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ပွဲနှင့် မုံရွာပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်လူနာတင်ယာဉ်၊ သွေးခဲမှုစစ်ဆေးစက်နှင့် နှလုံးစစ်ဆေးစက် ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✱

ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏ လမ်းများ(၁၀)

သတင်းဆောင်းပါး-ခရမ်း-စိုးမြင့်

မှတ်တမ်းဓာတ်ပုံ-ဆောက်လုပ်ရေးဝန်ကြီးဌာန

စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင် (မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၁၃

ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ (၅)နှင့် (၇)၌ ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ၁၅-၉-၁၉၉၉တွင် ကျင်းပသည့် ပဋ္ဌမအကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်များ၌ပါရှိသော-

“-ကုန်တင်ယာဉ်၏ အလေးချိန်သတ်မှတ်ချက်၊ ဝင်ရိုးတစ်ခု၏ အများဆုံးအလေးချိန်သတ်မှတ်ချက်နှင့် ကုန်တင်ယာဉ်များ၏ အတိုင်းအတာ စံချိန်စံညွှန်းများ”ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

စံချိန်စံညွှန်း

ထို့အပြင် ဖော်ပြပါ သဘောတူညီချက်တွင် လမ်းအမျိုးအစားနှင့် လမ်းအနေအထား စံချိန်စံညွှန်း သတ်မှတ်ချက်များ ပါရှိခဲ့သည်။

အာဆီယံလမ်းများတွင် သတ်မှတ်သည့် လမ်းအမျိုးအစားများမှာ ကတ္တရာလမ်းနှင့် ဘိလပ်မြေ ကွန်ကရစ်လမ်းတို့ ဖြစ်သောကြောင့် လက်ရှိ မြန်မာနိုင်ငံတွင်ရှိသော လမ်းအမျိုးအစားများကိုလည်း ကတ္တရာလမ်း (သို့) ဘိလပ်မြေ ကွန်ကရစ်လမ်းအဆင့်ဖြစ်အောင် ဆောင်ရွက်ရမည် ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

မြန်မာနိုင်ငံ၏လမ်းများတွင် အာဆီယံ လမ်းသတ်မှတ်ချက်နှင့် အညီလမ်းကောင်းတစ်လမ်းဖြစ်ရန်အတွက် ရေလုံအုတ်စီမြောင်းများ ဤသို့ ပူးတွဲတည်ဆောက်ထားသည်။ (ဆောက်လုပ်ရေး)

အာဆီယံလမ်းသတ်မှတ်ချက် အမျိုးအစား၌ ပါဝင်သည့် ဘိလပ်မြေကွန်ကရစ်အဆင့်မြင့်လမ်းကို ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး နေပြည်တော်-ရန်ကုန်လမ်းပိုင်းတွင် ခင်းထားသည်ကို ဤသို့တွေ့ရသည်။ (ဆောက်လုပ်ရေး)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ပြည်ထောင်စုကြီး အစဉ်အမြဲတည်တံ့ပြီး ကျွန်တော်တို့ တိုင်းရင်းသားညီနောင်အားလုံး ထာဝရ စည်းလုံးညီညွတ်နေမှ ကျွန်တော်တို့ မြန်မာပြည်ထောင်စုကြီး ကမ္ဘာဆုံးတိုင် လွတ်လပ်သော နိုင်ငံ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး စာ-၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁၄ ရက်)

တစ်မျိုးသားလုံးပညာရည်မြင့်မားတိုးတက်ရေး လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်

နိုင်ငံတော်အစိုးရသည် နှစ်ရှည်နှစ်တို ပညာရေးစီမံကိန်းများချမှတ်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီဆက်သွယ်ပို့ချမှုနည်းပညာရပ်များကို ထိရောက်စွာ ရယူအသုံးပြုရေး၊ နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ အမျိုးသားရေးစံနှုန်းများ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့် လုပ်ငန်းစဉ်များကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

အခြေခံပညာကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများသည် အနာဂတ်နိုင်ငံတော်အတွက် အရေးပါဆုံး အရင်းအမြစ်များဖြစ်သော ကျောင်းသား ကျောင်းသူလူငယ်များအား နိုင်ငံတော်၏မျှော်မှန်းချက်၊ အစီအမံများနှင့်အညီ နိုင်ငံ့သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရေး ပြုစုပျိုးထောင်ပေးနေကြသူများဖြစ်သည့်အတွက် မြင့်မြတ်သော စွမ်းဆောင်ရှင်များ ဖြစ်ကြသည်။ ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည် ထိရောက်အောင်မြင်ရေးအတွက် အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်ကြီးအဖြစ် ခိုင်ခိုင်မြဲမြဲဖြစ်ထွန်းစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့ကို အခြေခံသော နိုင်ငံရေးဦးတည်ချက်များ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို အခြေခံ၍ စီးပွားရေးဦးတည်ချက်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်ညီညွတ်သော လူ့ဘောင်အဖွဲ့အစည်းအတွင်း နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်မှုကိုအခြေခံသော လူမှုရေးဦးတည်ချက်များချမှတ်ပြီး နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

အနာဂတ်အတွက် ပညာရေးဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် သတင်းနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ၊ ကွန်ပျူတာကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကို တစ်နိုင်ငံလုံးဖြန့်ကြက် တည်ဆောက်ပေးထားသည်။

နိုင်ငံတော်အစိုးရသည် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကို ပြည်ထောင်စုတစ်ဝန်း လွှမ်းခြုံထားနိုင်နေပြီဖြစ်ရာ ဆရာ ဆရာမများသည် ယင်းအခွင့်အရေးကို ထိရောက်စွာအသုံးချ၍ တစ်မျိုးသားလုံး ပညာရည်မြင့်မားတိုးတက်ရေး၊ ဒေသအလိုက် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်များရှင်သန်ရေး ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၃

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၀ရက်က စစ်ပင်တောင်ရပ်ကွက် ပညာ့အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ စာကြည့်တိုက်များ ရှင်သန်ခိုင်မာပြီး စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက်ဖြစ်တည်ရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များအား တွေ့ဆုံကြသည်။

နံရံကပ်စာစောင်

ဆွေးနွေးပွဲတွင် ရရှိပြီးစာအုပ်များ စနစ်တကျ ထိန်းသိမ်းရေး၊ အလှူရှင် တိုးပွားရေး၊ စာငှားစနစ်ကျင့်သုံးပြီး ရန်ပုံငွေရရှိရေး၊ စာကြည့်တိုက်ပိုင် မြေနှင့် အဆောက်အအုံရရှိရေးကို မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်ကဆွေးနွေးရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးပြည့်ဖြိုးက ပြန်လည်ဆွေးနွေးသည်။ **(အပေါ်ပုံ)** ထို့နောက် အမျိုးသားနေ့ နံရံကပ်စာစောင်များပြသထားမှုကို လှည့်လည် ကြည့်ရှုကြသည်။

(မြို့နယ် ပြန်/ဆက်)

အောက်တိုဘာ ၁၀ရက်က မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများ အမှတ်(၃)ရပ်ကွက်မော်ရုံး၌ ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

(မြို့နယ် လဝက)

မြဝတီရုပ်မြင်သံကြား

၁၄-၁၁-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **ကျွန်တော်နှင့်ဘဲရုပ်ဆိုး** (အပိုင်း-၂၃)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကက်ကင်း** ဒွေး၊ ရန်အောင်၊ ကျော်ရဲအောင်၊ နန္ဒာလှိုင်၊ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)
၁၃:၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း - ၄၁)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄:၃၀	၅။	မျိုးချစ်တပ်မတော်
၄:၃၅	၆။	အမျိုးသားရေးတေးကဗျာ
၅:၀၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	လျှပ်တစ်ပြက်
၆:၃၀	၁၂။	စားဖိုဆောင်ချစ်သူ
၆:၄၅	၁၃။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၉)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်စတား
	၂၀။	အင်္ဂလိပ်စာသုတ (English Usage)
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးအချစ်** (အပိုင်း-၁)

စမ်းချောင်းမြို့နယ် (ယခင် ကွက်သစ်ကျောင်း) ယခု အလက(၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁၁ရက်က ကျင်းပရာ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။

(၁၀၃)

ရန်ကုန် နိုဝင်ဘာ ၁၃

Software Designer ကောင်းတစ်ဦးအနေဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများနှင့် Software Developer ဖြစ်လိုသူများအတွက် လက်တွေ့အသုံးတည့်စေမည့် လုပ်ငန်းခွင်ဝင် Software Engineering သင်တန်းကို KMD Computer သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

လုပ်ငန်းခွင်ဝင် ဆော့ဖ်ဝဲအင်ဂျင်နီယာ သင်တန်းဖွင့်မည်

မြန်မာလူငယ်များအနေဖြင့် Software Development နည်းစနစ်များကို အခြေခံကျကျ သိရှိပြီးရုံမျှမက လက်တွေ့လုပ်ငန်းခွင်တွင် ကြုံတွေ့ရမည့် အခက်အခဲများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဖြေရှင်းတတ်စေရန်နှင့် ပြန်လည်အသုံးပြုနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သိရှိနိုင်

သင်တန်းကာလအတွင်း စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် Software တစ်ခုကို မည်ကဲ့သို့ အကောင်အထည်ဖော်ရမည်ဆိုသည့် နည်းပညာများကို နားလည်သဘောပေါက်ပြီး နောင်ထွက်ပေါ်လာမည့် Programming Software များနှင့် နည်းပညာများကိုလည်း မိမိတို့ကိုယ်တိုင်လေ့လာ သိရှိနိုင်စေမည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက Programmer, System Analyst, Software Engineer များအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါသင်တန်းကို ယခုလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးလခွဲကြာမြင့်မည်ဖြစ်သည်။

သင်တန်းသားဦးရေ ကန့်သတ်ထား၍ စိတ်ဝင်စားသူများသည် KMD Computer Centre အမှတ်(၅၅၀-၅၅၂) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၂၄၉၁၅၅၊ ၃၈၁၀၃၅၊ ၃၈၁၇၇၆ နှင့် ၇၀၀၈၉၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းမတော်မြို့နယ် ၇လမ်း အမှတ် ၄၉နေ အဘွား ဒေါ်သန်းကြည်၊ မိခင် ဒေါ်တင်ဝင်းနှင့် သမီး မအေးအေးသက်မိသားစုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ ဆန်၂၂အိတ်လှူဒါန်းရာ ဖောင်ဒေးရှင်းအုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေတို့ကလက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ဝန်ကြီး ပိုလ်မှူးချုပ်ကျော်ဆန်းအား
တရုတ်သတင်းစာကိုယ်စားလှယ်အဖွဲ့ ဂါရဝပြုတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ လေ့လာရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ People's Daily မှ Director Mr.Yu Qingchu ဦးဆောင်သော တရုတ်သတင်းစာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဂါရဝပြုတွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ People's Daily မှ Director Mr.Yu Qingchu ဦးဆောင်သော တရုတ်သတင်းစာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ ဂါရဝပြု တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကံနှင့်စီးပွားရေးခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၃

ခင်မောင်ညို(ဘောဂဗေဒ)၏ ကံနှင့်စီးပွားရေးခေါင်းစဉ်ဖြင့် ဟောပြောပွဲကို နိုဝင်ဘာ ၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်ရှိ ယုဇနတာဝါ (၁၀)ထပ် အခန်းအမှတ်(၁၀၀၉) Wise International School for Executives၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃နှင့် ၀၉-၅၁-၅၇၀၃၂တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

အာဆီယံနိုင်ငံများတွင် ယာဉ်များအချိန်တိုအတွင်း အန္တရာယ်ကင်းစွာသွားလာနိုင်ရန် လမ်းအနေအထား စံချိန်စံညွှန်း (Geometric Design Standard)များကိုလည်း အောက်ဖော်ပြပါအတိုင်း သတ်မှတ်ပေးထားပါသည်။ ၎င်းတို့မှာ-

လမ်းအဆင့်(၃) (Road Class-III)

၁။ ယာဉ်မောင်းနှုန်း (မြေပြန့်လမ်းတွင်)	=	၃၇-၅၀(မိုင်/နာရီ)
(အတက်/အဆင်းပြေသောလမ်းတွင်)	=	၃၁-၄၃(မိုင်/နာရီ)
(တောင်ပေါ်လမ်းတွင်)	=	၂၅-၃၇(မိုင်/နာရီ)
၂။ လမ်းသားအကျယ်နှစ်လမ်းသွားတွင်	=	၁၂×၂(ပေ)
၃။ လမ်းပခုံးအကျယ် (မြေပြန့်လမ်းတွင်)	=	၅ ဒသမ ၀မှ၆ဒသမ ၅(ပေ)
(အတက်/အဆင်းပြေသောလမ်းတွင်)	=	၅ ဒသမ၀မှ ၆ဒသမ၅ (ပေ)
(တောင်ပေါ်လမ်းတွင်)	=	၃ဒသမ ၅မှ ၅ဒသမ ၀ (ပေ)
၄။ လမ်းနယ်အကျယ် (Right of Way)	=	၉၉-၁၃၂ (ပေ)
၅။ အများဆုံးလမ်းအလျားလိုက် လျှောစောင်း(%) (Max. Longitudinal Gradient)	=	၆ဒသမ ၀ (မြေပြန့်လမ်းတွင်)
	=	၇ဒသမ ၀ (အတက်/အဆင်းပြေသောလမ်းတွင်)
	=	၈ဒသမ ၀ (တောင်ပေါ်လမ်းတွင်)
၆။ လမ်းအကွေ့အတွင်းအများဆုံး ကန့်လန့်ဖြတ်လျှောစောင်း(%) (Max. Super Elevation)	=	၆ဒသမ ၀ မှ ၁၀ဒသမ ၀ (မြေပြန့်အတက်/အဆင်းပြေ တောင်ပေါ်လမ်းတွင်)
၇။ အနည်းဆုံးရှိရမည့် လမ်းအထက် ကင်းလွတ်မှု(ပေ) (Min. Vertical Clearance)	=	၁၅(ပေ)

လမ်းအဆင့်(၂)(Road Class-II)

၁။ ယာဉ်မောင်းနှုန်း (မြေပြန့်လမ်းတွင်)	=	၅၀-၆၂ (မိုင်/နာရီ)
(အတက်/အဆင်းပြေသောလမ်းတွင်)	=	၃၇-၅၀ (မိုင်/နာရီ)
(တောင်ပေါ်လမ်းတွင်)	=	၂၅-၃၇ (မိုင်/နာရီ)
၂။ လမ်းသားအကျယ် နှစ်လမ်းသွားတွင်	=	၁၂×၂ (ပေ)
၃။ လမ်းပခုံးအကျယ် (မြေပြန့်လမ်းတွင်)	=	၈ဒသမ ၂၅ (ပေ)
(အတက်/အဆင်းပြေသောလမ်းတွင်)	=	၈ဒသမ ၂၅ (ပေ)
(တောင်ပေါ်လမ်းတွင်)	=	၆ဒသမ ၆ (ပေ)
၄။ လမ်းနယ်အကျယ်(Right of Way)	=	၉၉-၁၉၈ (ပေ)
၅။ အများဆုံးလမ်းအလျားလိုက် လျှောစောင်း (%) (Max. Longitudinal Gradient)	=	၆ဒသမ ၀ (မြေပြန့်လမ်းတွင်)
	=	၇ဒသမ ၀ (အတက်/အဆင်းပြေသောလမ်းတွင်)
	=	၈ဒသမ ၀ (တောင်ပေါ်လမ်းတွင်)
၆။ လမ်းအကွေ့အတွင်းအများဆုံး ကန့်လန့်ဖြတ်လျှောစောင်း(%) (Max. Super Elevation)	=	၆ဒသမ ၀မှ ၁၀ဒသမ ၀ (မြေပြန့်အတက်၊ အဆင်းပြေ တောင်ပေါ်လမ်းတွင်)
၇။ အနည်းဆုံးရှိရမည့် လမ်းအထက်ကင်း လွတ်မှု(ပေ) (Min. Vertical Clearance)	=	၁၅ပေ

လမ်းအဆင့်(၁) (Road Class-I)

၁။ ယာဉ်မောင်းနှုန်း(မြေပြန့်လမ်းတွင်)	=	၅၀-၆၀(မိုင်/နာရီ)
(အတက်/အဆင်းပြေသောလမ်းတွင်)	=	၃၇-၅၀(မိုင်/နာရီ)
(တောင်ပေါ်လမ်းတွင်)	=	၃၁-၄၃(မိုင်/နာရီ)
၂။ လမ်းသားအကျယ်လေးလမ်းသွားနှင့် အထက်တွင်	=	၁၂×၄(ပေ)
၃။ လမ်းပခုံးအကျယ်(မြေပြန့်လမ်းတွင်)	=	၁၀(ပေ)
(အတက်/အဆင်းပြေသောလမ်းတွင်)	=	၁၀(ပေ)
(တောင်ပေါ်လမ်းတွင်)	=	၈ ဒသမ ၂၅ (ပေ)
၄။ လမ်းနယ်အကျယ် (Right of way)	=	၁၃၂-၂၃၁ (ပေ)
၅။ အများဆုံး လမ်းအလျားလိုက်လျှောစောင်း (%) (Max. Longitudinal Gradient)	=	၅ ဒသမ ၀ (မြေပြန့်လမ်းတွင်)
	=	၆ ဒသမ ၀ (အတက်/အဆင်းပြေသောလမ်းတွင်)
	=	၇ ဒသမ ၀ (တောင်ပေါ်လမ်းတွင်)
၆။ လမ်းအကွေ့အတွင်းအများဆုံး ကန့်လန့်ဖြတ်လျှောစောင်း(%) (Max.Super Elevation)	=	၆ ဒသမ ၀မှ ၈ ဒသမ ၀ (မြေပြန့်အတက်/အဆင်းပြေ တောင်ပေါ်လမ်းတွင်)
၇။ အနည်းဆုံးရှိရမည့်လမ်းအထက်ကင်းလွတ်မှု(ပေ)(Min. Vertical Clearance)	=	၁၅ (ပေ)

ပင်မလမ်းမကြီး (Primary Road)

၁။ ယာဉ်မောင်းနှုန်း (မြေပြန့်လမ်းတွင်)	=	၆၀-၇၂ (မိုင်/နာရီ)
(အတက်/အဆင်းပြေသောလမ်းတွင်)	=	၆၀-၆၂ (မိုင်/နာရီ)
(တောင်ပေါ်လမ်းတွင်)	=	၃၇-၅၀ (မိုင်/နာရီ)
၂။ လမ်းသားအကျယ် လေးလမ်းသွားနှင့် အထက်တွင်	=	၁၂×၄(ပေ)
၃။ လမ်းပခုံးအကျယ် (မြေပြန့်လမ်းတွင်)	=	၁၀(ပေ)
(အတက်/အဆင်းပြေသောလမ်းတွင်)	=	၁၀(ပေ)
(တောင်ပေါ်လမ်းတွင်)	=	၈ဒသမ၂၅(ပေ)
၄။ လမ်းနယ်အကျယ် (Right of Way)	=	၁၃၂-၂၃၁(ပေ)
၅။ အများဆုံးလမ်းအလျားလိုက်လျှောစောင်း(%) (Max.Longitudinal Gradient)	=	၄ဒသမ၀ (မြေပြန့်လမ်းတွင်)
	=	၅ဒသမ၀(အတက်/အဆင်းပြေသောလမ်းတွင်)
	=	၆ဒသမ၀ (တောင်ပေါ်လမ်းတွင်)
၆။ လမ်းအကွေ့အတွင်းအများဆုံး ကန့်လန့်ဖြတ်လျှောစောင်း(%) (Max. super Elevation)	=	၆ဒသမ၀မှ၇ဒသမ၀ (မြေပြန့် အတက်/အဆင်းပြေတောင်ပေါ် လမ်းတွင်)
၇။ အနည်းဆုံးရှိရမည့်လမ်းအထက် ကင်းလွတ်မှု(ပေ) (Min.Vertical Clearance)	=	၁၅ဒသမ၀မှ၁၆ဒသမ၅ (ပေ) တို့ဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့က ဖောက်လုပ်ထားသော သံတောင်ကြီး တောင်ပေါ် ကတ္တရာလမ်းကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

အထက်ဖော်ပြပါ သဘောတူညီချက်များအပြင် အာဆီယံလမ်းများ တည်ဆောက်မွမ်းမံရန် စီမံချက်များပါရှိပါသည်။ ယင်းစီမံချက်အရ မြန်မာနိုင်ငံတွင် ၂၀၀၀ပြည့်နှစ်မှစတင်၍ အာဆီယံလမ်းကွန်ရက်များရွေးချယ်ပြီး အနိမ့်ဆုံးအာဆီယံလမ်းအဆင့်(၃)(Road Class-III)နှင့် ကိုက်ညီအောင် လမ်းများကိုတည်ဆောက်ပြုပြင်မွမ်းမံခြင်းနှင့် ဆိုင်းဘုတ်များတင်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ခုနှစ်အရောက်တွင် လမ်းအားလုံးကို အနိမ့်ဆုံး အာဆီယံလမ်းအဆင့်(၁) (Road Class-I) (သို့) ပင်မလမ်းမကြီးများ Primary Road အဆင့်ရှိအောင် ပြုပြင်မွမ်းမံခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး ယာဉ်သွားလာမှုနည်းကာ အရေးမကြီးသည့် လမ်းအပိုင်းဖြစ်ပါက လမ်းအဆင့်(၂) (Road Class-II) ဖြစ်ရပါမည်ဟု ဆိုပါသည်။

တည်ဆောက်ပြီးလမ်းသည် သတ်မှတ်သည့်စံချိန်စံညွှန်းမမီပါက(သို့)မီသော်လည်း သွားလာနေသော ယာဉ်များသည် သတ်မှတ်နှုန်းထက်ကျော်လွန်၍ မောင်းခြင်း(သို့) သွားလာသည့် ယာဉ်စီးရေပမာဏသည် သတ်မှတ်အရေအတွက်ထက်များခြင်းနှင့် ယာဉ်နှင့်ပတ်သက်သည့် သတ်မှတ်ချက်နှင့်မကိုက်ညီပါက ယာဉ်တိမ်းမှောက်မှုနှင့် ယာဉ်တိုက်မှု အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။

ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်၍မရနိုင်သောလမ်းများပေါ်တွင် ယာဉ်အန္တရာယ်ကျရောက်ပါက အာမခံကြေးထားသောယာဉ်များအတွက် နိုင်ငံတော်မှ လျော်ကြေးပြန်ပေးရပါသည်။ ထိုသို့ပေးလျော်ရာ၌ နိုင်ငံခြားငွေ(ဒေါ်လာ) (သို့) သင့်တော်မည့်နိုင်ငံခြားငွေနှင့် ပေးချေရမည်ဟုသိရသည်။ လမ်းကောင်း၍ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ပါက အာမခံကြေးငွေသည် လမ်းတိုးတက်ပြုပြင်ရာတွင် အထောက်အကူရမည်ဖြစ်၍ ယာဉ်အန္တရာယ် ကင်းစွာနှင့် သက်သောင့်သက်သာ (Safety and Comfort) သွားလာနိုင်မည့်လမ်းများ တည်ဆောက်ရန် အရေးကြီးပါသည်။

တည်ဆောက်ပြီး လမ်းအနေအထားပုံစံသည် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော်လည်း လမ်းအဆောက်အအုံ (Road Structure) သည် ဖြတ်သန်းသွားလာသော ယာဉ်များကြောင့်ဖြစ်စေ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ လမ်းလွှာများ သတ်မှတ်စံချိန်စံညွှန်း မမီ၍ဖြစ်စေ၊ လမ်းပတ်ဝန်းကျင်မှ ရေများဝပ်၍ဖြစ်စေ လမ်းပျက်ယွင်းနိုင်သဖြင့် ပြုပြင်ထိန်းသိမ်းပေးရပါမည်။

ယခုအခါ နိုင်ငံတကာအင်ဂျင်နီယာများမှ မှတ်ချက်ပြုထားသည်မှာ လမ်းမှ ရေထုတ်ယူသည့်စနစ် (Drainage System) ကောင်းလျှင် လမ်းကောင်းရန် ၅၀ရာခိုင်နှုန်းသေချာသည်ဟု ဆိုပါသည်။

လမ်းအဆောက်အအုံသို့ ရေမဝင်စေရန်နှင့် ဝင်သောရေများ အလျင်အမြန်ထုတ်ရန် လိုအပ်ပါသည်။

ဤကဲ့သို့ပြုလုပ်ရန်

- လမ်းမျက်နှာပြင်နှင့် လမ်းပခုံးမျက်နှာပြင်တို့ကို သတ်မှတ်လျှောစောင်းများရှိစေခြင်း၊ မျက်နှာပြင်ညီညာစေခြင်း၊ (ကျလာသည့် မိုးရေများ အလျင်အမြန် အန္တရာယ်ကင်းရာသို့ စီးသွားစေရန်)။
- မျက်နှာပြင်၌ရေစိမ့်ဝင်နိုင်သည့် အပေါက်(သို့) ကွဲအက်မှုများ မရှိစေခြင်း။
- လမ်းဘေးမှရေစိမ့်ဝင်မှုကိုတားဆီးခြင်း၊ (လမ်းတာလျှောစောင်း အောက်ခြေ၏ အပြင်ဘက်ပေ ၃၀အတွင်း ရေမြောင်းမရှိရ၊ လမ်းဘေးတွင်ရေရှိပါက ရေအမြင့်သည် လမ်းအောက်ခံမြေအောက်အနည်းဆုံးသုံးပေတွင် ရှိရမည်။)
- တောင်ပေါ်လမ်းကဲ့သို့ လမ်းနှင့်ကပ်လျက်ရေဖမ်းမြောင်းထားရလျှင် ရေလုံသောရေမြောင်း {ကျောက်စီမြောင်း (သို့) အုတ်စီမြောင်း} ထားရမည်။
- လမ်းဘေးမှရေများလမ်းပေါ်သို့ ဖြတ်မစီးစေရန်၊ သင့်တော်သော ရေဖမ်းမြောင်းနှင့် လုံလောက်သောရေပြွန်များရှိရမည်။ ထို့အပြင် လမ်းဘေးသစ်ပင်မစိုက်ရ။ (သစ်ပင်စိုက်ပါက လမ်းပေါ်သစ်ပင်ရိပ်ကျသဖြင့် လမ်းသည် အမြဲစွတ်စိုနေပါသည်။ မိုးတွင်းနေပွင့်သည့်အချိန်၌လည်း လမ်းကို နေထိုးနိုင်ခြင်းမရှိ။ သစ်ပင်ပြိုလဲခြင်း၊ သစ်ကိုင်းများယာဉ်နှင့် မလွတ်ခြင်းဖြစ်ပါကလည်း အန္တရာယ်ရှိနိုင်သည်။ အထူးသဖြင့် လမ်းကွေ့များတွင် တစ်ဖက်လာသောယာဉ်များကို မမြင်နိုင်သဖြင့် ယာဉ်အန္တရာယ်ရှိပါသည်။ သစ်ပင်ငယ်များ ဖြစ်ပါကလည်း ရေစီးဆင်းမှုကို နှောင့်နှေးစေသည်ဟု သိရသည်။)

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်းရှိ အာဆီယံလမ်းကွန်ရက်များကို သတ်မှတ်လမ်းအဆင့်မီအောင် လမ်းအနေအထားစံချိန်စံညွှန်းနှင့် လမ်းအဆောက်အအုံ စံချိန်စံညွှန်းများအတိုင်း ပြုပြင်မွမ်းမံခြင်းတို့ ဆောင်ရွက်မှသာလျှင် အခြားအာဆီယံနိုင်ငံများမှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမည်ဖြစ်သည်။ ॥

(ဆက်လက်ဖော်ပြပါမည်)

တရုတ်နိုင်ငံ ကျန့်ကျင်းပြည်နယ်၌ ကျင်းပသည့် ၂၀၀၉ခုနှစ် နိုင်ငံတကာ ခရီးသွားလုပ်ငန်းသုံး ကုန်ပစ္စည်းပြပွဲ တစ်နေရာကို နိုဝင်ဘာ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်သမ္မတဟူကျင်ထောင်း မလေးရှားနိုင်ငံသို့ရောက်ရှိ

ကွာလာလမ်ပူ နိုဝင်ဘာ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဟူကျင်ထောင်းနှင့် မလေးရှားဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား မဟာဗျူဟာနှင့် ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို နိုဝင်ဘာ ၁၁ရက်က ကွာလာလမ်ပူမြို့၌ တွေ့ဆုံဆွေးနွေးကြသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံဆိုင်ရာ အခြားကိစ္စရပ်များနှင့်ပတ်သက်၍လည်း အမြင်ချင်းဖလှယ်ကြသည်ဟု တရုတ်သံတမန်များက ပြောကြားသည်။

လာရောက်လည်ပတ်

တရုတ်သမ္မတ ဟူကျင်ထောင်းသည် မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူသို့ နိုဝင်ဘာ၁၀ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဧည့်သည်အဖြစ် ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ သမ္မတဟူကျင်ထောင်း၏ ထိုခရီးသည် လွန်ခဲ့သည့် ၁၅နှစ်အတွင်း နိုင်ငံတော်အကြီးအကဲအနေဖြင့် ပထမဦးဆုံး လာရောက်လည်ပတ်သည့် ခရီးဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေဆင်ပွာ**

ရုရှားနိုင်ငံ စီးပွားရေးပြုပြင်ရန် သမ္မတမက်ဗီဒက်ဗ် တိုက်တွန်း

မော်စကို နိုဝင်ဘာ ၁၃

ရုရှားနိုင်ငံစီးပွားရေးကို ပြုပြင်ပြောင်းလဲပစ်ရန် ရုရှားသမ္မတ မက်ဗီဒက်ဗ်က သူ၏နိုင်ငံတော်အခြေပြ နှစ်ပတ်လည် မိန့်ခွန်းတွင် တိုက်တွန်းပြောကြားလိုက်သည်။

ဖော်ဆောင်ရန်လို

ဆိုဗီယက်ပုံစံသည် အလုပ်မဖြစ်တော့ကြောင်း၊ ဒီမိုကရေစီအဖွဲ့အစည်းများအပေါ် အခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် စီးပွားရေးအကျပ်အတည်းကြုံရမှုအတွက် ပြင်ပအကြောင်းအရင်းများကို ယိုးမယ်မဖွဲ့သင့်ကြောင်း ရုရှားသမ္မတက ထည့်သွင်းပြောကြားလိုက်သည်။ (အင်တာနက်)

အာဖဂန်-နေတိုး ပူးတွဲစစ်ဆင်ရေး တာလီဘန် ၁၃၃ဦးသေဆုံး သေဆုံးသူများတွင် နိုင်ငံခြားသား ၁၀ဦးပါဝင်

ကဘူးလ် နိုဝင်ဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုစ်ပြည်နယ်တွင် အာဖဂန်နှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တို့ ပူးတွဲစစ်ဆင်ရေးပြုလုပ်ရာ၌ နိုင်ငံခြားသား တိုက်ခိုက်ရေးသမား ၁၀ဦး အပါအဝင် တာလီဘန် ၁၃၃ဦး သေဆုံးသွားကြောင်း အာဖဂန်စစ်ဘက်အရာရှိ အဗ္ဗဒူဝါကီအာဆားက နိုဝင်ဘာ ၇ရက်တွင် ပြောကြားသည်။

ချေမှုန်း

အဆိုပါစစ်ဆင်ရေးတွင် အာဖဂန်နစ္စတန်နှင့် နိုင်ငံတကာတပ်ဖွဲ့များ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း၊ စစ်ဆင်ရေးကို ဂေါ်တီပါဒေသတွင် လွန်ခဲ့သည့် ခြောက်ရက်မှစ၍ ဆင်နွှဲခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်းစစ်ဆင်ရေးကြောင့် နိုင်ငံခြားသားတိုက်ခိုက်ရေးသမား ၁၀ဦး အပါအဝင် တာလီဘန် ၁၃၃ဦးကို ချေမှုန်းနိုင်ခဲ့ကြောင်းဖြင့်လည်း အာဆားက ပြောကြားသည်။

ဖမ်းဆီး

နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများမှာ ချေချင်းညာနှင့် ဥဇဘက်ကစ္စတန်တို့မှဖြစ်ကြောင်း၊ တာလီဘန်တပ်မှူး ရှစ်ဦးလည်း သေဆုံးသူများထဲတွင်ပါဝင်ကြောင်း၊ အကြမ်းဖက်သမား ၁၅ဦးကိုလည်း ဖမ်းဆီးထားကြောင်းဖြင့်လည်း ဆက်လက်ပြောကြားသည်။

ဂေါ်တီပါဒေသ စဝရာခိုင်နွန်းမှာ ငြိမ်းချမ်းသွားပြီဖြစ်ကြောင်း၊ ကွန်ဒုစ်ဒေသ၌ စစ်ဆင်ရေးများ ဆုံးခန်းတိုင်အောင် ပြုလုပ်သွားမည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားသည်။ (အင်တာနက်)

အကြမ်းဖက်မှုနှင့် ဆက်နွှယ်သည့်ဖြစ်ရပ်များကြောင့် ပါကစ္စတန်တွင် သေဆုံးသူနှစ်သောင်းကျော်ရှိ

အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၃

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် ခြောက်နှစ်အတွင်း အကြမ်းဖက်မှုနှင့် ဆက်နွှယ်နေသည့်ဖြစ်ရပ်များကြောင့် ၂၂၁၂၈ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း သတင်းရရှိသည်ဟု တရားဝင်အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

သေဆုံးခဲ့ရ

နိုဝင်ဘာ ၁၁ရက်ထုတ် အစီရင်ခံစာအရ ပါကစ္စတန်နိုင်ငံအနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးစစ်ပွဲ အမေရိကန်ပြည်ထောင်စုနှင့် ပူးပေါင်းခဲ့ချိန်ကစပြီး ခြောက်နှစ်တာကာလအတွင်း အရပ်သား ၇၀၀၄ဦးနှင့် လုံခြုံရေးအရာရှိ ၂၆၃၇ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များ ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်သဖြင့် အကြမ်းဖက်သမား ၁၂၄၈၇ဦး သေဆုံးခဲ့ရကြောင်း ရုပ်မြင်သံကြားတွင် သတင်းဖော်ပြသည်။

သတင်းထုတ်ပြန်

၂၀၀၉ခုနှစ်တွင် အရပ်သား ၁၇၈၀နှင့် လုံခြုံရေးအရာရှိ ၇၈၀သေဆုံးခဲ့ရကြောင်း၊ အကြမ်းဖက် ဆန့်ကျင်တိုက်ခိုက်မှု စစ်ဆင်ရေးတွင် သေဆုံးသူ အကြမ်းဖက်သမား ၅၉၇၂ဦး သေဆုံးခဲ့ရကြောင်းဖြင့်လည်း သတင်းထုတ်ပြန်ထားသည်။ (အင်တာနက်)

လေယာဉ်ပျက်ကျ

ယူဂန္ဓာနိုင်ငံ ကမ်ပါလာမြို့ လေဆိပ်၌ ရဝမ်ဒါလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းပျက်ကျခဲ့သည်ကို နိုဝင်ဘာ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း မပြီးဆုံးသေး အေပက်ဝန်ကြီးများ သတိပေးပြောကြား

စင်ကာပူ နိုဝင်ဘာ ၁၃

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းသည် မပြီးဆုံးသေးကြောင်း၊ လက်ရှိကမ္ဘာ့စီးပွားရေးမှာ ပြန်လည်ဦးမော့လာခြင်းမဟုတ်ဘဲ အသက်ရှူချောင်လာခြင်းသာဖြစ်ကြောင်း အာရှ-ပစိဖိတ်ဝန်ကြီးများက နိုဝင်ဘာ ၁၂ရက်တွင် သတိပေးပြောကြားသည်။

အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်(အေပက်)မှ ဝန်ကြီးများသည် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ စုဝေးရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါအေပက်ထိပ်သီးအစည်းအဝေးသို့ အမေရိကန်သမ္မတဘားရက်အိုဘားမားလည်း တက်ရောက်မည်ဖြစ်သည်။ မိမိသည် အာဆီယံခရီးစဉ်အတွင်း စီးပွားရေးပြန်လည်ကောင်းမွန်လာရေးနှင့် ကုန်သွယ်မှုရှင်းတမ်းကိစ္စရပ်များကို တရုတ်နှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားသည်။ **အမ်အင်န်အေရိုက်တာ**

လွိုက်ဘဏ်လုပ်ငန်းအုပ်စု အလုပ်အကိုင်များ လျှော့ချမည်

လန်ဒန် နိုဝင်ဘာ ၁၃

ဗြိတိန်နိုင်ငံက ထိန်းချုပ်ထားသည့် လွိုက်ဘဏ်လုပ်ငန်းအုပ်စုက ၂၀၁၀ခုနှစ် နှစ်ကုန်ပိုင်းအတွင်း အလုပ်အကိုင် ၅၀၀၀ အထိ လျှော့ချရန်စီစဉ်ထားကြောင်း သတင်းရရှိသည်။

ခန့်မှန်းထား

လွိုက်ဘဏ်လုပ်ငန်းအုပ်စု၏ လုပ်ငန်းများတွင် အပြောင်းအလဲ အများအပြား ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အာမခံလုပ်ငန်းများနှင့် လက်လီအရောင်းလုပ်ငန်းများ အပါအဝင် အပြောင်းအလဲများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း၊ ၂၀၁၀ခုနှစ် နှစ်ကုန်တွင် စုစုပေါင်း ပြောင်းလဲရမည့်လုပ်ငန်းများ၌ အလုပ်အကိုင် အရေအတွက်အားဖြင့် ၅၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်းဖြစ်လည်း အဆိုပါ လွိုက်ဘဏ်လုပ်ငန်းအုပ်စုက ပြောကြားသည်။ (အင်တာနက်)

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ ကန်ဆပ်ပြည်နယ်၌ တည်ဆောက်ဆဲ အဆောက်အအုံတစ်ခု၌ ကရိန်းပြုတ်ကျမှုဖြစ်ပွားသည်ကို နိုဝင်ဘာ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆိုမာလီယာ၌ တရားသူကြီးတစ်ဦး သေနတ်သမား လက်ချက်ဖြင့်သေဆုံး

မိုဂါဒစ်ရှူး နိုဝင်ဘာ ၁၃

ဆိုမာလီယာနိုင်ငံမြောက်ပိုင်း ပန့်တလင်းပြည်နယ်တွင် ပင်လယ်ဓားပြများနှင့် အစ္စလမ္မစ်အစွန်းရောက်ဝါဒီများအား ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်မှုဖြင့် လူသိများသည့် တရားသူကြီး ရှိတ်မိုဟာမက်အက်ဘ်ဒီအဝါရီအား အမည်မသိသေနတ်သမားနှစ်ဦးက ပစ်သတ်သွားကြောင်း သိရသည်။

မျက်မြင်တွေ့ရှိ

ပန့်တလင်းပြည်နယ်မှာ ပင်လယ်ဓားပြများ အခြေစိုက်သည့် ဒေသဖြစ်သည်။ တရားသူကြီး ရှိတ်မိုဟာမက်အက်ဘ်ဒီ၏ ဦးခေါင်းနှင့်ရင်ဘတ်ကို သေနတ်သမားများက သုံးလေးကြိမ် သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ (အင်တာနက်)

14-11 (04).pmd 1 11/14/2009, 12:30 PM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

ချီလီမြောက်ပိုင်း ကမ်းလွန်၌ ငလျင်လှုပ်

ချီလီနိုင်ငံမြောက်ပိုင်း တာရာပါကာဒေသ ကမ်းလွန်တွင် နိုဝင်ဘာ ၁၃ရက် မွန်းလွဲ ၁၂နာရီ ၅မိနစ်ခန့်က ရစ်ချ်တာစကေး ၆ဒသမ၅ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း ချီလီအရာရှိများက ပြောကြားသည်။

ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့ သဘောတူညီ

တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ကြရန် နိုဝင်ဘာ ၁၃ရက်၌ သဘောတူညီလိုက်ကြကြောင်း သတင်းထုတ်ပြန်သည်။

ပါကစ္စတန်ထောက်လှမ်းရေးဌာန၌ ဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၁၂ဦးသေဆုံးပြီး ၄၀ဒဏ်ရာရ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ာဝါမြို့၌ အဓိကထောက်လှမ်းရေး သတင်းဌာနအား နိုဝင်ဘာ ၁၃ရက်က အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၂ ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘာ့စျေးကွက်၌ ဒေါ်လာစျေးနှုန်းကျဆင်း

ကမ္ဘာ့စျေးကွက်၌ အမေရိကန်ဒေါ်လာစျေးနှုန်းများ ကျဆင်းလျက်ရှိရာ ဂျပန်စျေးကွက်၌ နိုဝင်ဘာ ၁၃ရက်က ဂျပန်ယန်း ၉၀လျှင် အမေရိကန်တစ်ဒေါ်လာ အထိရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

တရုတ်အလယ်ပိုင်းနှင့်မြောက်ပိုင်းဒေသများ၌ ဆီးနှင်းထူထပ်စွာ ကျဆင်း

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့်မြောက်ပိုင်းဒေသများတွင် နိုဝင်ဘာ ၁၃ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သဖြင့် ဟီဘေနှင့် ဟီနန်ပြည်နယ်များ၌ ၁၉ဦးသေဆုံးခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***

ရုရှားအာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် ချိတ်မိပြီ

ရုရှားနိုင်ငံမှ လွှတ်တင်ခဲ့သော အမ်-အမ်အိုင်အမ်-၂ အာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် နိုဝင်ဘာ ၁၃ရက်၌ အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း ရုရှားအာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

ဘရာဇီးနိုင်ငံ နိုဗာအီဂွါကူမြို့သို့ မုန်တိုင်း ဝင်ရောက်တိုက်ခတ်

ဘရာဇီးနိုင်ငံ နိုဗာအီဂွါကူမြို့သို့ နိုဝင်ဘာ ၁၃ရက် နံနက်က တစ်နာရီမိုင် ၆၀နှုန်း မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ နေအိမ်များ ပျက်စီးပြီး သုံးဦးသေဆုံးကာ လူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ ။

မောင်ချစ်ကြည်စုစည်းသည်

နိုဝင်ဘာ ၁၁ရက်က (၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို အလုံမြို့နယ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ပွင့်ဖြူမြို့နယ် ရွှေဘို ရွာမကျေးရွာ စာကြည့်တိုက်ပန္နက်တင်

ပွင့်ဖြူ နိုဝင်ဘာ ၁၃

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရွှေဘိုရွာမကျေးရွာ ပညာချွန်စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ရက် နံနက်ပိုင်းက စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဖေမြင့်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးဦးပြုံးချိုတို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်သာယာမြို့နယ် (၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက်က အမက(၂၄)ခန်းမ၌ကျင်းပရာ အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသူတစ်ဦးအား မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်က ဆုချီးမြှင့်စဉ်။ (၀၉၇)

အမျိုးသားနေ့အခမ်းအနား ကလေးမြို့၌ကျင်းပ

ကလေး နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်း ကလေးမြို့နယ် ၂၀၀၉ ခုနှစ် (၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီက ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတု ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်းက ဖတ်ကြားသည်။

ချီးမြှင့်

ထို့နောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိန်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းခိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

IBTC Open Golf Championships (Mandalay)
ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd.က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010) စတုတ္ထပွဲစဉ်အဖြစ် IBTC Open Golf Championships (မန္တလေး) ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်း မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကလပ်၌ ကျင်းပသည်။

စတင်ကျင်းပ

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးမောင်ပု၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြန်မာပီဂျီအေ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုလေးနှင့် International Beverages Trading Co.,Ltd., Executive Director ဦးတင်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီးနောက် ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ရန်အောင်လတ်က ရိုက်ချက် ၆၄ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး မင်းနိုင် (Srixon)က ရိုက်ချက် ၆၆ချက်ဖြင့် ဒုတိယ၊ စိုးကျော်နိုင်(Srixon)က ရိုက်ချက် ၆၉ချက်ဖြင့် တတိယလိုက်နေကြသည်။

ဦးဆောင်ကစား

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(မြန်မာ့လက်ရွေးစင်)က ရိုက်ချက် ၆၈ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ကျော်မြင့်က ရိုက်ချက်၇၀ဖြင့်ဒုတိယ၊ မျိုးဝင်းအောင်က ရိုက်ချက် ၇၁ ချက်ဖြင့် တတိယလိုက်နေကြသည်။

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် International Beverages Trading Co.,Ltd.(IBTC) က အဓိကကူညီပံ့ပိုးပြီး Co- Sponsor များအဖြစ် Air Bagan Ltd., KBZ Bank Ltd., Hotel Yangon, KM Golf Centre, HAN Golf Masters Pte., Ltd., Myanmar Thiha Trading Co., Ltd., Bayof Bengal Resort (BOB), (INAX, T-Home), CEPSA Lubricantes, ACCEL International Co., Ltd.(Canon), Imperial Jade Purified DrinkingWater, Lifeline Co.,Ltd., GP Watch နှင့် ရေတံခွန်တောင် ဂေါက်ကလပ်တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ ကြီးမှူး၍ (၄၅)နှစ်မြောက် စီးပွားရေးတက္ကသိုလ်တည်ထောင်သောနေ့ နီလာရတုအထိမ်းအမှတ် (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အခန်း(၁၀)၌ ကျင်းပမည်ဖြစ်ပါ၍ အသက်(၆၀)ပြည့်ပြီးသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၊ ပညာသင်ယူဆဲ ကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲအတွက် အလှူငွေနှင့် ပစ္စည်းများကို ဦးသင်းမောင်(ဥက္ကဋ္ဌ) ဖုန်း-၆၅၂၀၆၅၊ ဦးမြမောင်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၅၆၁၃၉၆၊ ဗိုလ်မှူးတင့်လွင် ဖုန်း-၀၉-၅၀၆၇၇၆၊ ဦးလှငြိမ်း ဖုန်း-၅၃၄၄၀၄၊ ဦးခိုင်ဝင်း ဖုန်း-၃၈၃၈၃၅၊ ဦးတင်လှိုင် ဖုန်း-၆၅၁၄၀၀၊ ဦးမင်းသန်းဌေး ဖုန်း-၅၃၄၅၄၉၊ ဒေါ်နန့်မေစန်း ဖုန်း-၃၇၇၂၉၀၊ ဒေါ်ခိုင်ခိုင်အောင် ဖုန်း-၂၂၁၃၀၂၊ ဒေါ်ကြိုင်ကြိုင်ထွန်း ဖုန်း-၇၀၆၉၃၀နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (မြန်မာ့အလင်း)

ဝိုင်အမ်ဘီအေ၌ အမျိုးသားနေ့ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

ပုဇွန်တောင်မြို့နယ် ဝိုင်အမ်ဘီအေဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ (၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ၁၁ရက်က အသင်းခန်းမ၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးသန်းလွင်ကဆောင်ရွက်၍ အသင်းနာယက ဦးခင်မောင်ထွေး (ဆိပ်ကမ်း)ကိုယ်စား ဂုဏ်ထူးဆောင်ဒုတိယဥက္ကဋ္ဌဦးတင်ဝင်းကအမျိုးသားနေ့ပေါ်ပေါက်လာပုံအကြောင်းကိုလည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ် စိုးယဉ်)က အမျိုးသားနေ့ ဖြစ်ပေါ်လာပုံအကြောင်းကိုလည်းကောင်း၊ အထွေထွေ အတွင်းရေးမှူး ဦးစိန်သန်း(မင်္ဂလာဓမ္မဇောတိကဓဇ)က အမျိုးသားနေ့နှင့် ဝိုင်အမ်ဘီအေအကြောင်းတို့ကိုလည်းကောင်း ဟောပြောကြသည်။

(၁၂၅)

ကတ္တရာခင်း

သိန်းနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော တောကျောင်းလမ်း ကတ္တရာခင်း ဆောင်ရွက်ပြီးစီးမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ နိုဝင်ဘာ ၁ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်စောနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်စိုးစိုးထွဏ်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင်စျေးများနှင့် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း Analgesin(MPF) ဆေးဝါးအတုများ ရောင်းချမှုရှိ မရှိကို အောက်တိုဘာ ၃၀ရက်က ဦးစီးအရာရှိ ဒေါ်ဝင်းမာသန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန စျေးကော်မတီဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့်အတူ ကွင်းဆင်း စစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

14-11 (05).pmd 1 11/14/2009, 12:30 PM

✻ ရှေ့ဖုံးမှ

ဆောင်ရွက်

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အနေဖြင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မှစ၍ ဒုတိယနှစ်တို (၅)နှစ် စီမံကိန်း လုပ်ငန်းစဉ်များကို နိုင်ငံတော်၏ စတုတ္ထ ကာလတို(၅)နှစ်စီမံကိန်း ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ကျရာအခန်း ကဏ္ဍမှနေ၍ အားကြိုးမာန်တက် ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူးက တိုင်း၏ ပညာရေးလုပ်ငန်းများ အောင်ချက်မြင့်မားရေး အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းပညာရေး ဦးစီးမှူးက ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် အောင်မြင်မှုအခြေအနေများ ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် စစ်ကိုင်းတိုင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြ သည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ဝန်ကြီးက အောင်ချက်အကောင်းဆုံး ကျောင်းများ၊ အောင်ချက်အကောင်းဆုံး မြို့နယ်များနှင့် ဘာသာရပ်သင် ဆရာ ဆရာမများ အားလည်းကောင်း၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပြောကြား

ထို့နောက် မုံရွာပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်လူနာတင်ယာဉ်၊ သွေးခဲမှုစစ်ဆေး စက်နှင့် နှလုံးစစ်ဆေးစက် ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ရောဂါရှာဖွေရေးနှင့် ကုသရေးတို့တွင် ခေတ်မီနည်းပညာများနှင့် ဆောင်ရွက်နေသည့် အတွက် ခေတ်နှင့်အမီ ဆောင်ရွက်နိုင်ရန်လိုပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဒေသခံ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာထား၍ ကုသဆောင်ရွက် ပေးသွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မုံရွာပြည်သူ့ဆေးရုံကြီးသို့ အလှူရှင်မိသားစုက အရေးပေါ် လူနာတင် ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးကလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက သွေးခဲမှုစစ်ဆေးစက်အား ပေးအပ်လှူဒါန်းရာ မုံရွာပြည်သူ့ဆေးရုံအုပ်ကြီးကလည်းကောင်း၊ တိုင်းမှူးက နှလုံးစစ်ဆေး စက်အား ပေးအပ်လှူဒါန်းရာ မြင်းမူမြို့နယ်ဆေးရုံအုပ်ကလည်းကောင်း လက်ခံကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် အရေးပေါ် လူနာတင်ယာဉ်ကို ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မော်တော်ယာဉ်ဖြင့် မုံရွာ-စစ်ကိုင်း လမ်းပိုင်း အခြေအနေနှင့် မန္တလေး-နေပြည်တော်လမ်းပိုင်း အခြေအနေများအား ကြည့်ရှု စစ်ဆေးပြီး ထွက်ခွာလာရာ ညပိုင်းတွင် နေပြည်တော်သို့ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ် အခြေခံပညာအထက်တန်း ကျောင်းတွင် ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုအဖြစ် အောက်တိုဘာ ၂၄ရက်က ဆောင်ရွက်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ဖောရှာနှင့် ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများ ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းနွံတို့ ကြည့်ရှုအားပေးကြစဉ်။ (ပညာရေး)

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၉) ဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကေတုမတီခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးတက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ယင်းသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဝင်းအောင်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှနှင့် ဇဟို ဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ် ဦးဝင်းမောင်၊ ဒုတိယပါမောက္ခချုပ်နှင့် ဌာန ကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြဆရာ ဆရာမများနှင့် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၉)တွင် တက်ရောက်ကြသည့် ဝန်ကြီးဌာန အသီးသီးရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက် ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်း သင်တန်းသူ ၆၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်မှု ယင်းမာပင်၌ ကွင်းဆင်းစစ်ဆေး

ယင်းမာပင် နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၂ရက် က ဆည်ကြီးကျေးရွာအုပ်စု ထန်းတောကြီး ကျေးရွာ ရတနာစာကြည့်တိုက် အဆောက် အအုံ ဆောက်လုပ်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆောက်လုပ်မည်

အဆိုပါ စာကြည့်တိုက်အဆောက် အအုံကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ပြန်ကြားရေးဝန်ကြီး ဌာနနှင့် ကျေးရွာပြည်သူများ၊ စေတနာရှင် များ၏ လှူဒါန်းငွေများဖြင့် အလျား ၂၄ပေ၊ အနံ ၁၆ပေ၊ အမြင့် ၁၂ပေ၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အဆောက်အအုံ အဖြစ် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရ သည်။ (မြို့နယ် ပြန်/ဆက်)

အသေးစားနှင့် အလယ်အလတ်စား လုပ်ငန်းများအတွက် မြန်မာနိုင်ငံစာရင်းကောင်စီက အမိန့်ကြော်ငြာစာထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံစာရင်းကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၉ဖြင့် အသေးစားနှင့် အလယ်အလတ်စားလုပ်ငန်းများ၏ Myanmar Financial Reporting Standards of Small and Medium-sized Entities (SMEs) ကို စာရင်းကိုင်နှင့် စာရင်းစစ်များ ၂၀၁၀ခုနှစ် ဧပြီ ၁ရက်မှစ၍ လိုက်နာကျင့်သုံးရန်အတွက် ထုတ်ပြန်လိုက်သဖြင့် ၎င်း Myanmar Financial Reporting Standards of Small and Medium-sized Entities (SMEs) ၏ Hard Copy နှင့် Soft Copy များကို အမှတ် ၁/၁၉ သခင်မြ ပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစာရင်းကောင်စီရုံး၌ ရယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အသိပညာပေး ဟောပြော

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနား ကို နိုဝင်ဘာ ၁၁ရက်က နေပြည်တော် တပ်ကုန်း အထက (၁)တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်က အမှာစကား ပြောကြားစဉ်။ (ဝ၉၁)

အာဘာဖီး ပြည်ပအလုပ်အကိုင် သင်တန်းကျောင်း၌ ဂဟေဆက်သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးစီစဉ်ဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံသို့ အလုပ်သင် ဂဟေဆက်လုပ်သားအဖြစ် သွားရောက်လိုကြောင်း လျှောက်ထားသူ အလုပ်သင်များအား ဂဟေဆက်သင်တန်း ကို နိုဝင်ဘာ ၉ရက်က အာဘာဖီး ပြည်ပ အလုပ်အကိုင် သင်တန်းကျောင်း၌ ဖွင့်လှစ် ရာ သင်တန်းသား ၆၅ဦးတို့ တက်ရောက်ခဲ့ ကြပြီး ယင်းသင်တန်းမှာ (၈)ကြိမ်မြောက် ဖြစ်ကြောင်းသိရသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဟန်ဇော်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးမြင့်ဖေ၊ ဇဟိုကော်မတီဝင် ဦးသန်းထွန်းအောင်၊ မန်နေဂျာ(သင်တန်း)ဒေါ်လှိုင်မိမိ၊ အာဘာဖီး ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဖေနှင့် အာဘာဖီး ပြည်ပအလုပ်အကိုင် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်နိုင်သူတို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဟန်ဇော်နှင့် အာဘာဖီး ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဖေ တို့က အမှာစကားပြောကြားကြပြီး တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးမြင့်ဖေနှင့် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင် နိုင်သူတို့က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

စစ်ဆေးရွေးချယ်

သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ လာရောက် ၍ လက်တွေ့စစ်ဆေးရွေးချယ်မည်ဖြစ် ကြောင်းနှင့် ရွေးချယ်ခြင်းခံရသူများသည် ဂျပန်နိုင်ငံတွင် သုံးနှစ်ကြာ အလုပ်လုပ်ခွင့် ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဓာတ်ပုံအသင်း ဓာတ်ပုံအနုပညာပြပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ (၅၉)နှစ် မြောက် အထိမ်းအမှတ် ဓာတ်ပုံအနုပညာ ပြပွဲကို ရန်ကုန်မြို့ Central Hotel ၌ နိုဝင်ဘာ ၂၁ရက်မှ ၂၃ရက်အထိ ပြသမည် ဖြစ်ရာ ပါဝင်ပြသလိုသော အသင်းသား အသင်းသူများသည် (၂၀×၃၀) လက်မ အရွယ် ဓာတ်ပုံ သုံးပုံကို နိုဝင်ဘာ ၁၆ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဓာတ်ပုံ အသင်း အမှတ် (၂၇/၂၉)၊ ၃၅လမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ ပြသနိုင်ကြပြီး အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံဓာတ်ပုံအသင်း ဖုန်း-၀၁- ၃၇၃၁၆၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

သားပျက်၊ သားလျှော ပြုစုကုသခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

ပြည်နယ်အဆင့် သားပျက်၊ သားလျှောပြုစုကုသခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ရက်က မွန်ပြည်နယ် မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းက အမှာစကားပြောကြားပြီး နေပြည်တော် ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေး) ဒေါက်တာဒေါ်သိန်း သိန်းငွေးက ပြည်နယ်အဆင့် သားပျက်၊ သားလျှောပြုစုကုသခြင်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေး ဆွေးနွေးကြသည်။

သင်တန်းပို့ချ

ယင်းနောက် တက်ရောက်လာကြသည့် မြို့နယ်ဆရာဝန်ကြီးများ၊ သားဖွားသူနာပြု ဆရာမများအား သားပျက်၊ သားလျှောပြုစုကုသခြင်းဆိုင်ရာများကို သုံးရက်ကြာ သင်တန်းပို့ချသည်။

အလားတူ သားပျက်၊ သားလျှောကုသခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ရေးမြို့နယ်၌ ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ကြီးမှူးစီစဉ်ဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံသို့ အလုပ်သင်ဂဟေဆက်လုပ်သားအဖြစ် သွားရောက်လိုကြောင်း လျှောက်ထားသူ အလုပ်သင်များအား ဂဟေဆက်သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးဟန်ဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ တိုင်းမှူးဗိုလ်ချုပ်လှမင်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၃

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၇ရက် ညနေ၄နာရီတွင် ကေတုမတီမြို့ရှိ တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်ပြီး ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိကြသောအသင်းများအား ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် မော်လိုက်၌ ဆောက်လုပ်

မော်လိုက် နိုဝင်ဘာ ၁၃

မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီရှိန်၊ မြို့နယ်ဦးစီးမှူး ဦးညွန့်ဝေနှင့် စာပေလက်ထောက် (၃) ဒေါ်ခင်စုတို့အဖွဲ့သည် နိုဝင်ဘာ ၃ရက် နံနက်က မော်လိုက်မြို့နယ် မော်ကူးကျေးရွာအုပ်စု ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေး

ယင်းနောက် ခရိုင်ဦးစီးအရာရှိသည် မော်ကူးကျေးရွာအုပ်စုတွင် တည်ဆောက်လျက်ရှိသည့် ပညာတန်ဆောင် စာကြည့်တိုက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးကော်မတီများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ဆယ်အိမ်မှူးများနှင့်တွေ့ဆုံ၍ အဆောက်အအုံ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်ထားသော စံ(၅)ချက်နှင့် ပြည့်စုံသည့် စာကြည့်တိုက်ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

၂၀၁၀ခုနှစ် မြဝတီပြက္ခဒိန် ထွက်တော့မည်

ရန်ကုန် နိုဝင်ဘာ ၁၃

နှစ်ပေါင်း ၅၀ကျော်မျှ နှစ်စဉ်မပျက်မကွက် သေသေသပ်သပ်ထွက်ရှိခဲ့ပြီး ရပ်နီး ရပ်ဝေး ပြည်သူများလက်ဝယ်သို့ အရောက်ပေးပို့ခဲ့သည့် မြဝတီပြက္ခဒိန်ကို ရိုးရိုးတစ်စောင်လျှင် ငွေကျပ် ၄၀၀နှင့် အချောသီးသန့်တစ်စောင်လျှင် ငွေကျပ် ၈၀၀တို့ဖြင့် ၂၀၀၉ ခုနှစ် မကုန်မီ ထွက်ရှိမည်ဖြစ်သည်။

ဆက်သွယ်မှာကြား

အိမ်သုံး၊ ရုံးသုံးနှင့် အသင်းအဖွဲ့အစည်းများတွင် အသုံးပြုနိုင်ရန် စက္ကူကောင်း နှစ်မျိုးဖြင့် စာလုံးကြီး၊ ဆိုဒ်ကြီးများအပြင် အခါကြီး၊ ရက်ကြီး ရက်ရာဇာတို့ဖြင့် ရိုက်နှိပ်ထားရှိပြီး ဝယ်ယူလိုပါက မြဝတီစာပေတိုက် ရုံးခွဲအမှတ် (၁၈၁)၊ ၃၂ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် မြဝတီစာပေတိုက် ဖြန့်ချိရေးဌာန အမှတ် (၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၅၉၂၇၃တို့သို့ ကြိုတင်ဆက်သွယ်မှာကြား ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကတ္တရာခင်းခြင်းလုပ်ငန်း

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သောဇီဇဝါလမ်း ကတ္တရာခင်းခြင်း လုပ်ငန်း ကျောက်စုဆောင်းထားရှိမှု အခြေအနေကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးမှ ကွင်းဆင်းစစ်ဆေးရာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အင်ဂျင်နီယာမှူးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဝင်ရောက် ယှဉ်ပြိုင်မည်

ရန်ကုန် နိုဝင်ဘာ ၁၃

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအတွက် စိတ်ဓာတ်မြှင့်တင်ရေး၊ ကျန်းမာသန်စွမ်းရေးနှင့် ပြည်သူများအတွင်း မသန်စွမ်းမှုဆိုင်ရာ အသိပညာ ကျယ်ပြန့်စေရေးတို့အတွက် စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိရာ ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)အားကစား အသင်းသည် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၂၁)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) အားကစားအသင်းဝင်များဖြစ်သည့် မြန်မာနိုင်ငံအရပ်ရပ်မှ မသန်စွမ်းသူ ၃၂ဦးတို့သည် ရေကူး၊ ကြက်တောင်၊ တင်းနစ်၊ စစ်တုရင်နှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲ တို့တွင် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုဝင်ဘာ (၁)ရက်မှစတင်၍ ရန်ကုန်မြို့ရှိ အောင်ဆန်း အားကစားကွင်း၊ အမျိုးသား ရေကူးကန်နှင့် သက်ဆိုင်ရာ အားကစားကွင်းများ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ ပြိုင်ပွဲဝင်အားကစားသမားများအတွက် အလှူငွေနှင့် သက်ဆိုင်ရာ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းလိုပါက ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးအမှတ် (၇၉၇) အခန်း(၁၀၄-ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့် မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း ၀၁-၂၁၅၉၃၉၊ ၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၀၉-၅၁-၀၃၇၂၅နှင့် ၀၉-၅၀-၄၂၆၂၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကန်းနီကျေးရွာ လက်တူးတွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မွန်ပြည်နယ်အေးချမ်းသာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဘိန်းခင်းစုစုပေါင်း ဧက ၅၀၀ကျော် ယခုနှစ်ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၃

အောက်တိုဘာ ၁၆ ရက်မှ နိုဝင်ဘာ ၉ရက်အတွင်းရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ ဘိန်းခင်း ၁၃ဧက၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်၊ ဖယ်ခုံမြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းခင်း ၅၁ ဒသမ ၄ဧကနှင့် မကွေးတိုင်း မင်းလှမြို့နယ်၌ ဘိန်းခင်း ၀ ဒသမ ၁ ဧက စုစုပေါင်း ဘိန်းခင်း ၆၄ ဒသမ ၅ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ်ဘိန်းစိုက်ရာသီတွင် ပြည်နယ်နှင့်တိုင်းများအတွင်းမှ ဘိန်းခင်းစုစုပေါင်း ၅၉၁ ဒသမ၂ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုကိုးကျွန်းသို့ လေ့လာရေးခရီးစဉ် သံလွင်သင်္ဘောပြေးဆွဲမည်

နေပြည်တော် နိုဝင်ဘာ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းက ရန်ကုန်မြို့၏ အနောက်တောင်ဘက်မိုင် ၂၆၀အကွာ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ကိုကိုးကျွန်းစုသို့ အပန်းဖြေလေ့လာရေးခရီးစဉ်အဖြစ် ခရီးသည်တင် သံလွင် သင်္ဘောဖြင့် နိုင်ဝင်ဘာ ၂၀ရက်မှ၂၃ရက်အထိ ၄ရက်ခရီး ပြေးဆွဲမည်ဖြစ်သည်။

ထင်ရှားသော ကျွန်းများ

ကိုကိုးကျွန်းစု၌ ကျွန်းပေါင်း(၁၂)ခုရှိပြီး ထင်ရှားသော ကျွန်းများမှာ ကိုကိုးကျွန်းကြီး၊ ကိုကိုးကျွန်းကလေး၊ မင်္ဂလာကျွန်း၊ ဂျယ်ရီကျွန်းနှင့် ရက်ကျွန်းတို့ ဖြစ်သည်။ အကြီးဆုံးဖြစ်သော ကိုကိုးကျွန်းကြီးမှာ အလျား ၆ဒသမ၂ မိုင်၊ အနံ ၁ဒသမ၂မိုင်ရှိပြီး အပူပိုင်းအမြဲစိမ်းတော ပေါက်ရောက်၍ အုန်းပင်များ များစွာပေါက်ရောက်ကာ ပင်လယ်ရေကြည်လင်ခြင်း၊ သန္တာကျောက်တန်းများရှိခြင်းတို့ကြောင့် သဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ဆွဲဆောင်မှုရှိသော ကျွန်းစုဖြစ်သည်။

ဝယ်ယူထား

ကိုကိုးကျွန်း၌ ငါးဖမ်းလုပ်ငန်း၊ အုန်းပင်ထွက်ပစ္စည်းရောင်းချခြင်း၊ စပါးစိုက်ပျိုးခြင်း လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ကျွန်းကမ်းခြေ၌ အစိမ်းရောင်လိပ်များ ဥချလေ့ရှိသည့် အသိုက်ပေါင်း၁၅၀ခန့် တွေ့ရှိရသဖြင့် လိပ်ဥတူးဖော်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်လျက်ရှိသည်။ ကိုကိုးကျွန်း၌ သက်န်းနက်သား စိပ်ပုတီး၊ ဆင်းတုတော်၊ ကျောက်ပုစွန်၊ ပင်လယ်မျှော့၊ စေတီခရု၊ ငါးမန်းတောင်နှင့် ငါးမန်းသားရေများ ဝယ်ယူရရှိနိုင်သည်။

စီစဉ်ထား

အဆိုပါ အပန်းဖြေလေ့လာရေး ၄ရက် ခရီးစဉ်အတွက် အသွား/အပြန် သင်္ဘောလက်မှတ်မှာ တစ်ဦးလျှင် ငွေကျပ်၂၅၀၀၀ဖြစ်ပြီး မိမိတို့အတွက် အိပ်ရာလိပ်နှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ပါတည်းယူဆောင်လာကြရန်ဖြစ်သည်။ ခရီးစဉ်တွင် သင်္ဘောပေါ်၌ နံနက်စာ၊ နေ့လယ်စာနှင့် ညစာအတွက် စားသောက်ဖွယ်ရာများရောင်းချပေးမည်ဖြစ်ပြီး ကာရာအိုကေသီဆိုနိုင်ရန် စီစဉ်ထားရှိသည်။ ကိုကိုးကျွန်း၌ ခရီးသည်များအတွက် ညအိပ်နားနေရန် အထက်တန်းကျောင်း ၊ မူလတန်းကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ဝန်ထမ်းအိမ်ရာတို့၌ စီစဉ်ထားရှိပြီး ညစာသုံးဆောင်အပြီးတွင် မီးပုံပွဲကျင်းပရန် စီစဉ် ထားရှိသည်။ ခရီးစဉ်တွင် လိပ်ဥတူးဖော်ခြင်းလုပ်ငန်းကို လေ့လာကြည့်ရှုမည်ဖြစ်ပြီး မီးပြတိုက်နှင့် ဒုတိယကမ္ဘာစစ်အတွင်းက ကြွင်းကျန်ရစ်ခဲ့သော ကတုတ်ကျင်းများကို လေ့လာကြည့်ရှု၍ နိုဝင်ဘာ ၂၂ရက် ညနေပိုင်းတွင် ပြန်လည်ထွက်ခွာကြကာ ၂၃ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည် ဖြစ်သည်။

ခရီးစဉ်အတွက် သင်္ဘောလက်မှတ်များကို ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ဖုန်း-၀၁-၅၄၄၅၆၃သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၁၃

မုဒုံမြို့ အထက(၂) မြတ်ဆရာပူဇော်မည်

မုဒုံမြို့ အထက(၂)၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် နှိုးဆော်ထားပြီး ဖုန်း-၀၅၇-၇၀၀၅၅၊ ၀၅၇-၇၀၀၂၈ နှင့် ၀၅၇-၇၀၇၀၄ တို့သို့ ဆက်သွယ်နိုင်သည်။

မြန်မာ လက်သင်္ကေတပြ ဘာသာစကားစာအုပ် အခမဲ့ဖြန့်ဝေမည်

နားမကြားသူများနှင့် အလွယ်တကူဆက်ဆံပြောဆိုနိုင်မည့် မြန်မာလက်သင်္ကေတပြဘာသာစကားများအား ဖော်ပြထားသော စာအုပ်ကို နိုင်ငံတစ်ဝန်း အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစာအုပ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် JICAတို့ ပူးပေါင်းထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

ဓာတု/ကုန်ထုတ်ဘွဲ့ရ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၄-၁၉၇၈ ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း ၁၆/၂ ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ လာမည့် ဒီဇင်ဘာ ၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ပုဇွန်တောင် အထက(၂) မြတ်ဆရာပူဇော်ပွဲ

အထက(၂) ပုဇွန်တောင်တွင် ၁၉၆၆ခုနှစ်မှ ၁၉၈၂ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက် ၆၀ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် နှိုးဆော်ထားပြီး ဖုန်း-၂၉၆၂၆၈ နှင့် ၂၉၇၁၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အထက(၁) ဗဟန်း အာစရိယပူဇော်မည်

အထက(၁)ဗဟန်း ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် နှိုးဆော်ထားပြီး ဖုန်း-၀၉-၅၁-၆၅၀၃၅ နှင့် ၅၅၅၄၇၇တို့သို့ ဆက်သွယ်နိုင်သည်။

တတိယအကြိမ် သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန်တိုင်း သာကေတမြို့နယ် သုမနသွေးလှူရှင်အဖွဲ့၏ တတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အသင်းတည်ရှိရာ သုမနဓမ္မဗိမာန်သုမနလမ်းမကြီး (၅)ရပ်ကွက်တောင်ပိုင်း သာကေတမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉-၈၅-၄၀၅၅၈ နှင့် ၇၂၂၀၅၃တို့သို့ ဆက်သွယ်နိုင်သည်။

တောင်ငူ အထက(၄) မြတ်ဆရာပူဇော်ပွဲ

တောင်ငူမြို့ အထက(၄)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ ၂၆ရက်(စနေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများကို ဖုန်း-၀၅၄ -၂၃၁၀၇နှင့် ၀၅၄-၂၃၁၆၈တို့သို့ ဆက်သွယ်နိုင်သည်။

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောမည်

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)မှ ကြီးမှူး၍ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကို နိုဝင်ဘာ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ UMFCCI ခန်းမ၌ကျင်းပမည်ဖြစ်ရာ ရန်ကုန် စီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)ဦးမော်သန်းက ဟောပြောမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၂၉၁၆၆၇၊ ၀၉-၅၁-၅၄၅၇၄နှင့် ၀၉-၅၅-၀၁၅၁၂တို့သို့ စုံစမ်းနိုင်သည်။

အင်းစိန် တီမွေး/ကု တက္ကသိုလ်အာစရိယပူဇော်မည်

အင်းစိန် တီမွေး/ကုတက္ကသိုလ်(၁၉၇၁-၁၉၇၇)စာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို လာမည့်နှစ် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္လာနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ကုန်သည်ကြီးများ ဟိုတယ် ကုန်းဘောင်/ တကောင်းခန်းမ(Level-3)၌ ကျင်းပမည်ဖြစ်ရာဖုန်း-၀၉-၅၁-၁၁၈၂၉၊ ၃၇၂၇၂၆၊ ၅၇၈၂၁၉နှင့် ၀၉-၂၀-၃၆၇၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

တံခွန်စိုက် ဖူဆယ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလွတ်တန်း တံခွန်စိုက် ဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ တတိယပတ်အတွင်း ကျင်းပမည်ဖြစ်ရာ ဖူဆယ်ကလပ်အသင်းများနှင့် ပြည်နယ်နှင့်တိုင်း ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဖုန်း-၅၇၇၃၆၆ နှင့် ၅၆၁၅၃၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းတင်ပြသူ - ဝင်းကျော်

ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေ…. ဒါဒို့ပြေ-ဒါဒို့မြေ-ဒို့ပိုင်တဲ့မြေ

တက္ကသိုလ်မြတ်သူ

"ယနေ့သည် မြန်မာနိုင်ငံတော်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ နေထိုင်လာခဲ့သည့် တိုင်းရင်းသားလူမျိုးများ၏ ရာဇဝင်သမိုင်းတွင် ထူးခြားသော ပြောင်းလဲမှုကြီးတစ်ရပ်အဖြစ် မော်ကွန်းတင်ကျန်ရစ်စေမည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ နိုင်ငံတော်၏ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို မှန်မြတ်သောရည်မှန်းချက်ဖြင့် ကာကွယ်စောင့်ရှောက်ရသည့် နယ်ခြားစောင့်တပ်အဖြစ် အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ခဲ့ပြီးဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် ငြိမ်းချမ်းရေးမှတစ်ဆင့် တိုးတက်ဖြစ်ထွန်းလာသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးအား အရှိန်အဟုန်မပျက်ဆက်လက် အကောင်အထည်ဖော်ရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် အားသစ်လောင်းမှုပင်ဖြစ်သည်။ တစည်းတလုံးတည်းဖြစ်သော တပ်မတော်အတွင်းပါဝင်ကာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြမည်ဆိုလျှင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုကို မည်သူမျှ ဖြိုခွဲနိုင်မည်မဟုတ်ပါ။ တရားဥပဒေဘောင်အတွင်း လက်နက်ကိုင်ဆောင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရသည့်တာဝန်ကို ဂုဏ်ယူစွာထမ်းရွက်နိုင်ခွင့် ရရှိပြီဖြစ်သဖြင့် ပြည်သူလူထု၏ အားကိုးထောက်ခံမှုကို အပြည့်အဝ ရရှိကြတော့မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ အကြီးအကဲများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ နယ်ခြားစောင့်တပ်မှ အရာရှိ၊ စစ်သည်အပေါင်းတို့သည် နိုင်ငံတော်အပေါ်၌လည်းကောင်း၊ ပြည်သူလူထုအပေါ်၌လည်းကောင်း၊ အပြည့်အဝသစ္စာရှိပြီး တာဝန်သိစိတ်ဖြင့် ရိုးသားကြိုးစားကာ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ကြစေရန် ဆုတောင်းမေတ္တာပို့သပါသည်။"

ကချင်ပြည်နယ် အထူးဒေသ(၁) အဖွဲ့ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်း၏ အထက်ပါပြောကြားသံကို နိုဝင်ဘာလ ၁၀ရက်နေ့ည မြန်မာ့ရုပ်မြင်သံကြားတွင် ကျွန်တော် ကြားလိုက်ရပါသည်။ ဦးဇခုန်တိန့်ယိန်း၏ ကြည်လင်ပြတ်သားသော အသံဖြင့် အထက်ပါပြောကြားချက်များသည် ပြည်ထောင်စုတစ်ဝန်းလုံးမှ တိုင်းရင်းသားစုံ ညီအစ်ကိုမောင်နှမများ ရင်တွင်း၌ ချမ်းမြေ့သွားစေခဲ့ပါသည်။

ဦးဇခုန်တိန့်ယိန်းသည် ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့က ကျင်းပသည့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အသွင်ကူးပြောင်းသည့် ကချင်ပြည်နယ် လုပီဒေသ နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်း အခမ်းအနားတွင် ယင်းအမှာစကား ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ နိုဝင်ဘာလ ၈ရက် (တနင်္ဂနွေနေ့)က ကချင်ပြည်နယ် အထူးဒေသ(၁) (NDAK)အဖွဲ့၏ နယ်ခြားစောင့်တပ်များကို ဂန့်ဂွင်း၊ လုပီ၊ စင်ကြိုင်ဒေသတို့၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပခဲ့ပုံကို ရုပ်မြင်သံကြားသတင်း၌ တွေ့ရပါသည်။

လုပီဒေသ နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးဝင်းနှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ကချင်ပြည်နယ် အထူးဒေသ(၁) အဖွဲ့ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်သည်ကို မြင်တွေ့ရပါသည်။ အလားတူ ဂန့်ဂွင်းနှင့် စင်ကြိုင်ဒေသတို့မှ နယ်ခြားစောင့်တပ်ဖွင့်လှစ်သည့် အခမ်းအနားများသို့လည်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ကချင်အထူးဒေသ(၁)အဖွဲ့မှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းအခမ်းအနားများတွင် နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာ အဓိဋ္ဌာန်လေးချက်ရွတ်ဆိုခြင်း၊ တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များတပ်ဆင်၍ ခန့်အပ်တာဝန်ပေးခြင်းများ ဆောင်ရွက်သည်ကို တွေ့ရပါသည်။ ၎င်းတို့ဒေသလုံခြုံရေး၊ ၎င်းတို့တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးအဖွဲ့များလုံခြုံရေးအတွက် လက်နက်များကိုင်ဆောင်နေခဲ့ရရာမှ ယခုအခါ ၎င်းတို့အဖွဲ့၊ ၎င်းတို့ဒေသ၊ ၎င်းတို့တိုင်းရင်းသားများကိုသာမက ပြည်ထောင်စုကြီးတစ်ခုလုံး၏ လုံခြုံရေး၊ တစ်မြေပေါ် အတူဖွားသည့် တိုင်းရင်းသားသွေးချင်းအားလုံး၏ လုံခြုံရေး၊ ပြည်ထောင်စုသားသန်းပေါင်း ၅၇သန်းတို့ ပိုင်ဆိုင်အပ်သော အချုပ်အခြာအာဏာရပ်ကြီး၏ လုံခြုံရေး၊ ထာဝရတည်မြဲရေးကိုပါ အားပါးတရ စိတ်ရှိလက်ရှိ ကာကွယ်စောင့်ရှောက်နိုင်ကြပြီ ဖြစ်သည်။

နိုဝင်ဘာလ ၈ရက်နေ့က အဆိုပါ နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်း အခမ်းအနားများကို ကချင်ပြည်နယ်နှင့်အတူ တစ်နေ့တည်း၊ တစ်ချိန်တည်း ကယားပြည်နယ် အထူးဒေသ(၂) (ကလလတ) အဖွဲ့အစည်း၏ ကယားပြည်နယ် ပန်တိန်းနှင့် စွပ်ပိုင်ဒေသတို့၌လည်း ကျင်းပခဲ့ပုံကို ရုပ်မြင်ဖန်သားပြင်၌ ဝမ်းသာကြည်နူးဖွယ်တွေ့မြင်လိုက်ရသည်။ စွပ်ပိုင်တွင်ကျင်းပသော အခမ်းအနား၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ ကယားပြည်နယ် အထူးဒေသ(၂)မှ ဦးထွန်းကျော်နှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။ ပန်တိန်းအခမ်းအနားသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အထူးဒေသ(၂)မှ ပုဂ္ဂိုလ်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။ အခမ်းအနားတွင် နယ်ခြားစောင့်တပ် ဖွင့်ပွဲအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးသည့်အပြင် တိုင်းရင်းသားတို့၏ ရိုးရာအကများဖြင့် သူတို့၏ရင်တွင်းမှ ပီတိများအား ကကြိုးများ၊ တီးလုံးများ၊ တေးသံများဖြင့် ဖော်ပြကြသည်ကို သတိပြုမိလိုက်ပါသည်။

ကျွန်တော်တို့နိုင်ငံသည် လူမျိုးတစ်မျိုးတည်း ပေါက်ဖွားနေထိုင်သော နိုင်ငံမဟုတ်၊ တစ်မြေပေါ် အတူဖွား သွေးရင်းသားရင်း တိုင်းရင်းသားလူမျိုး တစ်ရာကျော် အစဉ်ထာဝရ အတူတကွ အေးအတူပူအမျှ ဖေးကူရိုင်းပင်းနေထိုင်ခဲ့ကြသော နိုင်ငံဖြစ်သည်။

ပြည်ထောင်စုကြီး အစဉ်အမြဲတည်တံ့ပြီး ကျွန်တော်တို့ တိုင်းရင်းသားညီနောင်အားလုံး ထာဝရစည်းလုံးညီညွတ်နေမှ ကျွန်တော်တို့ မြန်မာပြည်ထောင်စုကြီး ကမ္ဘာဆုံးတိုင် လွတ်လပ်သော နိုင်ငံ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နိုင်။ လွတ်လပ်သောနိုင်ငံသားများသာ မိမိနိုင်ငံပိုင် ရေမြေသဘာဝသယံဇာတများဖြင့် ချမ်းသာနိုင်ကြမည်ဖြစ်။ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းပကားဖြင့် လွတ်လပ်ရေး ရယူနိုင်ခဲ့။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့။ လွတ်လပ်ရေးအရသာကို တိုင်းရင်းသားစုံပြည်သူများ ခံစားနိုင်ရန် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့။ ပြည်ထောင်စုကြီးတစ်ခုလုံး နယ်စွန်နယ်ဖျား၊ နယ်ခြားနယ်စပ်မချန်၊ ကျေးလက်မကျန် ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးလာနေ။

ဤမြေပေါ်၌ ပြန့်ကျဲနေထိုင်ကြသော တိုင်
ပေါင်း၏ ဒဗ္ဗနာမ်၊ စုပေါင်းနာမည်က
တိုင်းရင်းသားအားလုံး၏ ဘုံနာမည်ကား
မြန်မာဆိုသည်နှင့် တိုင်းရင်းသားလူမျိုးနွ
အတွက်အားဖြင့် ၅၇သန်းတို့၏ လူမျိုး(Na
အားလုံးက သိကြသည်။

နေရာဒေသစုံ၌ ပြန့်ကျဲကာ နေထိုင်
ဒေသများ၏ စုပေါင်းနာမည်ကား ပြ
ဖြစ်လေသည်။ ပထမဆုံးသော စုစုပေါင်း
နိုင်ငံတော်ကြီးကို ပုဂံဘုရင် အနော်ရ
တည်ထောင်ခဲ့သည်။ တောင်ငူခေတ်
နော်ရထာက ဒုတိယ(ပြည်ထောင်စု) မြန်မာ
ပေးခဲ့ပြန်သည်။ အလောင်းဘုရား၏
တတိယမြန်မာနိုင်ငံတော်ကြီး စုစည်းခဲ့သ
များကို တိုင်းရင်းသားစုံတို့က လက်တွဲတွန်
သမားတို့က မြန်မာနိုင်ငံကို ၁၈၂၄၊ ၁
တွင် ကျူးကျော်စစ် သုံးကြိမ်တိုက်ခဲ့ရ
တိုင်းရင်းသားစုံတို့၏ သူ့ကျွန်မခံ ခုခံတွန်
ဇာတိသွေး၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်က
သည်။

နယ်ချဲ့ဗြိတိသျှတို့က အလောင်းဘုရာ
မြန်မာနိုင်ငံတော်ကြီးကို တစ်စမကျန် သိမ်
ပြန်ပေးခါနီးမှ မြေပြန့် တောင်ပေါ်ခွဲ
လွတ်လပ်ရေးယူရန်၊ တောင်ပေါ်တိုင်းရင်း
၏ ကျွန်အဖြစ် ဆက်ထားရန်ကြံစည်ခဲ့သ
ဝါရီလ ၁၂ရက်နေ့တွင် တိုင်းရင်းသားစုံ
(ပင်လုံစာချုပ်) ပင်လုံစိတ်ဓာတ်ခေါ်
ကြောင့်သာ ပြည်ထောင်စုကြီးတစ်ခုလုံ
ရယူနိုင်ခဲ့ခြင်း ဖြစ်လေသည်။

လွတ်လပ်ပြီးသော မြန်မာပြည်ထောင်
ဖြိုခွဲရန် လုပ်ကြံဖန်တီး စွက်ဖက်နှောင့်ယှ
လက်သစ်လက်ဟောင်းများကို ကျွန်တေ
ညီညွတ်သော အားမာန်၊ ခိုင်မာကြံ့ခိုင်
စိတ်ဓာတ်ကိုယ်စီဖြင့် ကာကွယ်ခဲ့ရပေါ

ပြည်ထောင်စုကြီး အစဉ်အမြဲတည
တိုင်းရင်းသားညီနောင်အားလုံး ထာဝရ
ကျွန်တော်တို့ မြန်မာပြည်ထောင်စုကြီး က
သော နိုင်ငံ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံ
လွတ်လပ်သောနိုင်ငံသားများသာ မိမိနို
သယံဇာတများဖြင့် ချမ်းသာနိုင်ကြမည်ဖြစ်
တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု
စိတ်ဓာတ် စွမ်းပကားဖြင့် လွတ်လပ်ရေးရ
ရေးကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။
တိုင်းရင်းသားစုံပြည်သူများ ခံစားနိုင်ရန်
တည်ဆောက်နိုင်ခဲ့ပြီ။ ပြည်ထောင်စုကြီးတ
နယ်ခြားနယ်စပ်မချန်၊ ကျေးလက်မကျန် ဘ
နေပေပြီ။ အနာဂတ်နိုင်ငံ စီးပွားရေးအတ
အအုံများ တည်ဆောက်နိုင်ခဲ့ပြီ။ ပြည်သူ
နိုင်ငံတော်တည်ဆောက်ပေးမည့် လုပ်ငန်းစ
ပြီးစီးအောင်မြင်နေပေပြီ။ ထိုအဆင့် (၄)
အမျိုးသားညီလာခံကြီးတွင်လည်းကောင်
ရေးတွင်လည်းကောင်း၊ အခြေခံဥပဒေ
ကောင်း၊ တိုင်းရင်းသားစုံ ညီအစ်ကိုမေ
တက်ကြွစွာ လက်တွဲကြိုးပမ်းခဲ့ကြပေပြီ

ကျွန်တော်သည် အမျိုးသားညီလာခံ
ဥပဒေရေးဆွဲရေး၊ ဆန္ဒခံယူရေး လုပ်ငန်းရ
သားစုံ ကိုယ်စားလှယ်များနှင့် လက်ပွန်း
လက်တွဲဆောင်ရွက်ခဲ့ရသည်များကို တွေး
တိုင်းရင်းသားစုံ မိတ်ဆွေအပေါ် သတိ
သည်။ ညီလာခံကိုယ်စားလှယ်၊ ဂေ
တိုင်းရင်းသားကြီးများ၏ ပကတိဖြူစင်သေ
ထားရှိသော စေတနာကို အကဲခတ်၊ အကဲ
ဖြစ်ခဲ့ရပါသည်။

ဤမြေပေါ်၌ ပြန့်ကျဲနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး ပေါင်း၏ ဒဗ္ဗနာမ်၊ စုပေါင်းနာမည်ကား တစ်နည်းအားဖြင့် တိုင်းရင်းသားအားလုံး၏ ဘုံနာမည်ကား မြန်မာဖြစ်လေသည်။ မြန်မာဆိုသည်နှင့် တိုင်းရင်းသားလူမျိုးနွယ် တစ်ရာကျော်၊ အရေအတွက်အားဖြင့် ၅၇သန်းတို့၏ လူမျိုး(Nation)အမည်ဖြစ်ကြောင်း အားလုံးက သိကြသည်။

နေရာဒေသစုံ၌ ပြန့်ကျဲကာ နေထိုင်ကြသော တိုင်းရင်းသား ဒေသများ၏ စုပေါင်းနာမည်ကား ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်လေသည်။ ပထမဆုံးသော စုစုပေါင်းပေါင်း (ပြည်ထောင်စု) နိုင်ငံတော်ကြီးကို ပုဂံဘုရင် အနော်ရထာမင်းစောက စုစည်း တည်ထောင်ခဲ့သည်။ တောင်ငူခေတ် ဘုရင့်နောင်ကျော်ထင် နော်ရထာက ဒုတိယ(ပြည်ထောင်စု) မြန်မာနိုင်ငံတော်ကြီးကို စုစည်း ပေးခဲ့ပြန်သည်။ အလောင်းဘုရား၏ ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကြီး စုစည်းခဲ့သည်။ ပြည်ပကျူးကျော်သူ များကို တိုင်းရင်းသားစုံတို့က လက်တွဲတွန်းလှန်ခဲ့ကြသည်။ နယ်ချဲ့ သမားတို့က မြန်မာနိုင်ငံကို ၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်တို့ တွင် ကျူးကျော်စစ် သုံးကြိမ်တိုက်ခဲ့ရာ တောင်ပေါ်မြေပြန့်မှ တိုင်းရင်းသားစုံတို့၏ သူ့ကျွန်မခံ ခုခံတွန်းလှန်ခဲ့သော စည်းလုံးမှု၊ ဇာတိသွေး၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ကား သမိုင်းပြောင်လွန်းခဲ့ သည်။

နယ်ချဲ့ဗြိတိသျှတို့က အလောင်းဘုရားစုစည်းခဲ့သော တတိယ မြန်မာနိုင်ငံတော်ကြီးကို တစ်စမကျန် သိမ်းယူခဲ့ပြီး၊ လွတ်လပ်ရေး ပြန်ပေးခါနီးမှ မြေပြန့် တောင်ပေါ်ခွဲခြားပြီး မြေပြန့်ကိုသာ လွတ်လပ်ရေးယူရန်၊ တောင်ပေါ်တိုင်းရင်းသားဒေသများကို ၄င်းတို့ ၏ ကျွန်အဖြစ် ဆက်ထားရန်ကြံစည်ခဲ့သည်။ ၁၉၄၇ခုနှစ် ဖေဖော် ဝါရီလ ၁၂ရက်နေ့တွင် တိုင်းရင်းသားစုံတို့၏ သန္နိဋ္ဌာန်ကြောင့်၊ (ပင်လုံစာချုပ်) ပင်လုံစိတ်ဓာတ်ခေါ် ပြည်ထောင်စုစိတ်ဓာတ် ကြောင့်သာ ပြည်ထောင်စုကြီးတစ်ခုလုံး၏ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်း ဖြစ်လေသည်။

လွတ်လပ်ပြီးသော မြန်မာပြည်ထောင်စုကြီးကို ကြိမ်ဖန်များစွာ ဖြိုခွဲရန် လုပ်ကြံဖန်တီး စွက်ဖက်နှောင့်ယှက်သော နယ်ချဲ့ကိုလိုနီ လက်သစ်လက်ဟောင်းများကို ကျွန်တော်တို့အားလုံး၏ စုစည်း ညီညွတ်သော အားမာန်၊ ခိုင်မာကြံ့ခိုင်သော ပြည်ထောင်စု စိတ်ဓာတ်ကိုယ်စီဖြင့် ကာကွယ်ခဲ့ရပေါင်းလည်း များလှပေပြီ။

ပြည်ထောင်စုကြီး အစဉ်အမြဲတည်တံ့ပြီး ကျွန်တော်တို့ တိုင်းရင်းသားညီနောင်အားလုံး ထာဝရ စည်းလုံးညီညွတ်နေမှ ကျွန်တော်တို့ မြန်မာပြည်ထောင်စုကြီး ကမ္ဘာဆုံးတိုင် လွတ်လပ် သော နိုင်ငံ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်။ လွတ်လပ်သောနိုင်ငံသားများသာ မိမိနိုင်ငံပိုင် ရေမြေသဘာဝ သယံဇာတများဖြင့် ချမ်းသာနိုင်ကြမည်ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု ခွန်အား၊ ပြည်ထောင်စု စိတ်ဓာတ် စွမ်းပကားဖြင့် လွတ်လပ်ရေးရယူနိုင်ခဲ့သည်။ လွတ်လပ် ရေးကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။ လွတ်လပ်ရေးအရသာကို တိုင်းရင်းသားစုံပြည်သူများ ခံစားနိုင်ရန် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ပြီ။ ပြည်ထောင်စုကြီးတစ်ခုလုံး နယ်စွန်နယ်ဖျား၊ နယ်ခြားနယ်စပ်မချန်၊ ကျေးလက်မကျန် ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးလာ နေပေပြီ။ အနာဂတ်နိုင်ငံ စီးပွားရေးအတွက် အခြေခံအဆောက် အအုံများ တည်ဆောက်နိုင်ခဲ့ပြီ။ ပြည်သူတို့အတွက် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ပေးမည့် လုပ်ငန်းစဉ် (၇)ရပ်အနက် (၄)ရပ် ပြီးစီးအောင်မြင်နေပေပြီ။ ထိုအဆင့် (၄)ဆင့် အောင်မြင်စေရန် အမျိုးသားညီလာခံကြီးတွင်လည်းကောင်း၊ အခြေခံဥပဒေရေးဆွဲ ရေးတွင်လည်းကောင်း၊ အခြေခံဥပဒေ ဆန္ဒခံယူရာတွင်လည်း ကောင်း၊ တိုင်းရင်းသားစုံ ညီအစ်ကိုမောင်နှမများ ညီညာဖြိုး တက်ကြွစွာ လက်တွဲကြိုးပမ်းခဲ့ကြပေပြီ။

ကျွန်တော်သည် အမျိုးသားညီလာခံ အစမှအဆုံး၊ အခြေခံ ဥပဒေရေးဆွဲရေး၊ ဆန္ဒခံယူရေး လုပ်ငန်းရပ်ကြီးများတွင် တိုင်းရင်း သားစုံ ကိုယ်စားလှယ်များနှင့် လက်ပွန်းတတီး ခင်မင်ရင်းနှီးစွာ လက်တွဲဆောင်ရွက်ခဲ့ရသည်များကို တွေးမိတိုင်း ဂုဏ်ယူမိသည်။ တိုင်းရင်းသားစုံ မိတ်ဆွေအပေါ် သတိတရ တသသဖြစ်နေမိ သည်။ ညီလာခံကိုယ်စားလှယ်၊ ကော်မရှင်ကိုယ်စားလှယ် တိုင်းရင်းသားကြီးများ၏ ပကတိဖြူစင်သော၊ ပြည်ထောင်စုအပေါ် ထားရှိသော စေတနာကို အကဲခတ်၊ အကဲဖြတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

ကျွန်တော်တို့ နိုင်ငံသည် လူမျိုးတစ်မျိုးတည်း ပေါက်ဖွား နေထိုင်သော နိုင်ငံမဟုတ်၊ တစ်မြေပေါ်အတူဖွား သွေးရင်း သားရင်း တိုင်းရင်းသားလူမျိုး တစ်ရာကျော် အစဉ်ထာဝရ အတူတကွ အေးအတူပူအမျှ ပေးကူ ရိုင်းပင်း နေထိုင်ခဲ့ကြ သော နိုင်ငံဖြစ်။

အထူးဒေသများမှ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များကို အမျိုးသားညီလာခံ၌ အတူဆုံတွေ့ရသည်။ ကချင်ပြည်နယ် အထူးဒေသ(၁)မှ ဦးဇခုန်တိန့်ယိန်း၊ အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာ၊ ရှမ်းပြည်နယ်မှ "ဝ"၊ ပလောင်၊ ခနု၊ ကချင်၊ ရှမ်း၊ ပအိုဝ်း တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီးနေခဲ့ရ၊ ဆွေးနွေးခဲ့ရသော ညီလာခံနေ့ရက်များကား မေ့နိုင်စရာမရှိပေ။

၁၉၉၇ ခုနှစ် နိုဝင်ဘာလက အမေရိကန်အထက်လွှတ်တော် (ဆီးနိတ်)မှ အမတ်ဂျွန်မက်ကိန်း၊ (ရီပတ်ဘလီကင်ပါတီမှ သမ္မတ လောင်းအဖြစ် ယှဉ်ပြိုင်ခဲ့သူ) ရန်ကုန်သို့လာသည်။ အင်းလျား ကန်စောင်း ၇မိုင်ရှိ အမေရိကန်သံမှူးနေအိမ်တွင် ဂျွန်မက်ကိန်းနှင့် နိုင်ငံရေးပါတီ ၁၀ခုမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ အသိ ပညာရှင်များ တွေ့ဆုံခဲ့ကြသည်။ ကျွန်တော်သည် ထိုတွေ့ဆုံပွဲသို့ အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် အစု အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ခဲ့ရသည်။ မန္တလေး တက္ကသိုလ် ကျောင်းအုပ်ကြီးဟောင်း ဆရာကြီးဦးကိုလေး (ဇေယျာမောင်၊ မောင်သစ္စာ)လည်း ပါဝင်သည်။ ဆရာကြီးဦးကို လေးက "ကျွန်တော် အသက်(၈၀)ပါ ကျွန်တော့်တစ်သက် ဒီကနေ့လောက် မြန်မာနိုင်ငံကြီး ငြိမ်းငြိမ်းချမ်းချမ်းရှိတာ၊ ဖွံ့ဖြိုးတိုးတက်တာမျိုး လုံးဝမတွေ့ဖူးပါဘူး၊ ဒါ့ကြောင့် မစ္စတာ မက်ကိန်းတို့အနေနဲ့ မြန်မာပြည်သူတွေရဲ့ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုကို ကူညီပါ။ နှောင့်ယှက်တာမျိုးတော့ ကျွန်တော်တို့ မလိုလား၊ လက်မခံနိုင်ပါ"ဟု ပြော၏။

ကချင်အထူးဒေသ(၁)မှ ဦးဇခုန်တိန့်ယိန်းက "**ကျွန်တော်တို့ အခု အမျိုးသားညီလာခံတက်နေကြပါတယ်၊ ညီလာခံအောင်မြင် ပြီးမြောက်သည်အထိ ဆက်တက်မှာပါပဲ၊ နိုင်ငံတော်အစိုးရက ကျွန်တော်တို့ကို ဒီမိုကရေစီလမ်းကြောင်းပေါ် တင်ပေးမယ်လို့ ပြောတဲ့အတိုင်း အခုကျွန်တော်တို့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်နေရပါပြီ၊ ညီလာခံမှ ဆွေးနွေးမှုတွေ ကောင်းတယ်၊ အောင်မြင်တယ်။ ကျွန်တော်တို့ဒေသတွေမှာ မူးယစ်ဆေးဝါး လုံးဝပပျောက်သွားမှာပါပဲ**"ဟု တင်ပြပြောကြားခဲ့သည်။

ယခု နယ်ခြားစောင့်တပ်များဖွင့်ပွဲတွင် ဦးဇခုန်တိန့်ယိန်း၏ ပြောကြားချက်များသည်လည်း သူ၏ ပြည်ထောင်စုအပေါ်ထားရှိ သော စေတနာမှန်ကို ရိုးသားစွာ တင်ပြခြင်းဖြစ်သည်ဟု ကျွန်တော်တို့ ယုံကြည်ကြောင်းပါ ခင်ဗျာ၊ "ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေ ဒါဒို့ပြေ-ဒါဒို့မြေ-ဒို့ပိုင်တဲ့ မြေ"။ ။

မြတ်ရတနာစာကြည့်တိုက်အဆောက်အအုံ တိုက်ကြီး၌ဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီး မြို့နယ် ကျိုက်စကိုင်းကျေးရွာ၌ မြတ်ရတနာ စာကြည့်တိုက်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက် ရှေ့တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာ ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြ အောင်တို့က စာကြည့်တိုက်အဆောက် အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ (အောက်ပုံ)

လှူဒါန်း

ဆက်လက်၍ အဆိုပါစာကြည့်တိုက် အတွက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က သုတ၊ ရသ စာအုပ် ၂၅၀ ကျော်ကို ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ ယူသည်။ အဆိုပါစာကြည့်တိုက်ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မတည်ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူတို့၏ အလှူ ငွေတို့ဖြင့် စုစုပေါင်းငွေကျပ် ၃၄သိန်း ကျော် အကုန်အကျခံ တည်ဆောက် ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနား နေပြည်တော် တပ်ကုန်းတွင် ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

၂၀၀၉ခုနှစ် (၈၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ အထက(၂) ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်က ဖတ်ကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်၊ အတွင်းရေးမှူး ဦးကျော်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အုန်းလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းဌေးအောင်တို့က (၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ များတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြု

ထို့နောက် အထက(၁)မှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၁၁-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၁၅ ၅။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ International News
၈:၃၅ ၁၀။ Crossroads Cafe (Episode- 5) (Lost& Found)
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၅။ Yan Can Cook
၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၄၅)
၁၃:၄၅ ၇။ တေးဂီတအစီအစဉ်
၁၃:၅၅ ၈။ လောကနီတိ(၃) **အမေ့သား** မင်းမော်ကွန်း၊ပြေတီဦး၊ စိုးမြတ်နန္ဒာ၊ စန်းစန်းဝင်း (ဒါရိုက်တာ-ဦးခင်ဇော်)
၁၄:၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၅၅ ၁၀။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး တေးများ
၄:၅၅ ၆။ **ဆီးချိုသွေးချိုကာကွယ်ပါ** ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ မျိုးစန္ဒီကျော်၊ကောင်းခန့်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး (ဒါရိုက်တာ-တင်အောင်ရွှေ) (သုတေသီ)
၅:၂၅ ၇။ ချစ်စရာ့အရွယ် ကစားကြမယ်
၅:၅၀ ၈။ မူဟန်သွယ်သွယ် ဆိုကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ **အလှရှာမယ် လှကမ္ဘာဝယ်**
၆:၄၀ ၁၂။ တေးဂီတအစီအစဉ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၂၁)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၅၉)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၁၁)
၁၉။ ဂီတတံခါးလေးဖွင့်ပါဦး

ကျောက်တန်းမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီက ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၈ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ အထက(၁) ကျောက်တန်းမှ ခြောက်ဘာသာ ဂုဏ်ထူးရှင် မခိုင်ခိုင်ဦးအား မြို့နယ်အဆင့် ပညာရေးလုပ်ငန်း ရန်ပုံငွေရှာဖွေရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးချစ်ရွှေ ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်မှု ဒုတိယဝန်ကြီး ဦးဖေသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၉ရက် ညနေပိုင်းက ပြည်တော်သာဘူတာမှ စစ်တွေဘူတာအထိ RBE အထူးရထားဖြင့် ရထားလမ်းကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် စစ်တွေ-မြောက်ဦးအပိုင်း ရထားလမ်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ပုဏ္ဏားကျွန်းဘူတာ ဘူတာခန်းမ၌ စီမံကိန်း အင်ဂျင်နီယာက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကွမ်းတောင်ဘူတာနှင့် ပုဏ္ဏားကျွန်းဘူတာအကြားရှိ ကင်းချောင်းကားလမ်းတံတားအား ကြည့်ရှုစစ်ဆေးပြီး ရထားဖြတ်သန်းသွားလာနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြား၍ ကွမ်းတောင်ဘူတာ တည်ဆောက်မည့်မြေနေရာ၊ ပုဏ္ဏားကျွန်းဘူတာနှင့် အောင်ဖြူပြင်ဘူတာအကြား မြေကြီးလုပ်ငန်းဆောင်ရွက်နေမှု၊ ပင်နီလေးကျေးရွာအနီးရှိ ကားလမ်းနှင့် ရထားလမ်းဆုံသည့် နေရာ၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော်လမ်းပိုင်းအတွင်းရှိ ယိုးချောင်း ရထားလမ်းတံတားအသစ် တည်ဆောက်မည့်နေရာနှင့် ရထားဖြတ်သန်းသွားလာနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်မည့် ပီကောက်ကားလမ်းတံတားအခြေအနေ၊ ကျောက်တော်ဘူတာ တည်ဆောက်မည့် မြေနေရာနှင့် ကစ္စပနဒီတံတား ချဉ်းကပ်ရထားလမ်း တာပေါင်တည်ဆောက်မည့် အခြေအနေ၊ ကျောက်တော်မှ မြောက်ဦးအထိ ရထားလမ်းအူကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

မင်းဘူး-အမ်း-စစ်တွေ (၂၅၇)မိုင် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် ဒေသအတွင်း ခရီးသည် ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူစေရေးတို့အပြင် ပြည်နယ်နှင့်တိုင်းအသီးသီးသို့ အမျိုးသားမီးရထားကွန်ရက်သဖွယ် အဆင်ပြေချောမွေ့စွာ ကူးလူးသွားလာနိုင်ရေးတို့အတွက် မြန်မာ့မီးရထားမှ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသော စီမံကိန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ပုဏ္ဏားကျွန်းနှင့် ကျောက်တော်ကြားရှိ ယိုးချောင်း ရထားလမ်း တံတားသစ်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သတင်းစာဆရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၃

တရုတ်-မြန်မာ နှစ်နိုင်ငံသတင်းဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မြဲစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ People's Daily မှ Director Mr. Yu Qingchu ဦးဆောင်သော အဖွဲ့ဝင် ကိုးဦးပါ သတင်းစာဆရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းစာဆရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းစာဆရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ယနေ့နံနက် ၉နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူတို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြသ

ထို့နောက် နံနက်၁၀နာရီခွဲတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ တာဝန်ရှိသူတစ်ဦးက နေပြည်တော် တည်ဆောက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသပြီး Mr. Yu Qingchu က နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးထွန်းကြည်အား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းစာဆရာ လေ့လာရေးအဖွဲ့ ကိုယ်စားလှယ်အဖွဲ့သည် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်တို့ကို ကြည့်ရှုလေ့လာကြပြီး ဥပ္ပါတသန္တိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

တည်ခင်းဧည့်ခံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ People's Daily မှ Director Mr. Yu Qingchu ဦးဆောင်သော သတင်းစာဆရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ညပိုင်းတွင် ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ People's Daily မှ Director Mr. Yu Qingchu **ဦးဆောင်သောအဖွဲ့ဝင် ကိုးဦးပါ သတင်းစာဆရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် စက်ရုံပုံစံငယ်ကို ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ People's Daily မှ Director Mr. Yu Qingchu **ဦးဆောင်သောအဖွဲ့ဝင် ကိုးဦးပါ သတင်းစာဆရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော် ကျောက်မျက်ရတနာပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အခြေခံပညာအဆင့် အသက် (၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၁၃

ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ ပထမအကြိမ် အခြေခံပညာအဆင့် ပြည်နယ်နှင့်တိုင်း အသက် (၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ **(ယာပုံ)** ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် ဘတ်စကက်ဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက ကချင်ပြည်နယ်ကို ၆၈ မှတ်၊ ၄၂မှတ်ဖြင့် နိုင်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)က ဧရာဝတီတိုင်းကို ၈၂မှတ်၊ ၂၂မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အနိုင်ရ

အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းက ကချင်ပြည်နယ်ကို ၆၈မှတ်၊ ၁၀မှတ်ဖြင့်နိုင်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)က ဧရာဝတီတိုင်းကို ၄၁မှတ်၊ ၁၅ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ကစားမည်

ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ရက် နံနက် ၈နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းနှင့် ကချင်ပြည်နယ်တို့သည် လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းနှင့် ကချင်ပြည်နယ်တို့သည် လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့သည် လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းနှင့် ဧရာဝတီတိုင်းတို့သည် လည်းကောင်း အသီးသီးယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

ယှဉ်ပြိုင်ကစား

ပြည်နယ်နှင့်တိုင်း အခြေခံပညာအဆင့် အသက် (၁၆) နှစ်နှင့်အောက် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ (အမျိုးသမီး) ပွဲစဉ်တွင် မန္တလေးတိုင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (သတင်းစဉ်)

အရှေ့ပိုင်းဒေသ ညအပူချိန်များ ကျဆင်းနိုင်

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် ၆ဒီဂရီစင်တီဂရိတ်နှင့် လားရှိုးမြို့တွင် ၉ဒီဂရီ စင်တီဂရိတ်တို့ ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ရေးမြို့တွင် ဝဒသမဝ၈လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၁၄ရက်ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်မှအပ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ကျဆင်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၄ရက် ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၄ရက် ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၄ရက် ညနေအထိ ခန့်မှန်းချက်မှာ သာယာမည်။

● *ကျော်ဖုံးမှ*

သွားရောက်ခဲ့ရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်၊ လက်ထောက်အင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဆောင်ရွက်ချက်များအား

''ဒိုက်ဦးမြို့တွင်းနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေးကို အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်နေပါတယ်''

ဦးအောင်ခိုင်
အမှုဆောင်အရာရှိ
ဒိုက်ဦးမြို့နယ်
စည်ပင်သာယာရေးအဖွဲ့။

ရှင်းပြသည်။ ''မြို့နယ်အတွင်း မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့အဝင် ရှခင်းကို ဗိုလ်ကတော်ပန်း၊ ကြွက်နားရွက်၊ ဒေါင်းမီးကွက်၊ မြေလျှောက်ပန်း၊ လိုင်းနာညိုပန်းတို့နှင့် မြေယာရှုခင်းများ တန်ဆာဆင် ပြုလုပ်ထားခြင်း၊ မြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်းမကြီး လမ်းဘေး ဝဲယာများတွင် လမ်းများ သာယာလှပမှုရှိစေရေးအတွက် ထပ်မံ၍ စက္ကူပန်းပင်၊ ခရာဝါပန်း၊ စိန်တံချူ၊ စိန်ပန်းပုပန်းများနှင့် အခြားပန်းအလှများ စိုက်ပျိုးထားပေးပြီး ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်ရှိ ကန်တော်မင်္ဂလာလမ်းဆုံ၊ ဒရယ်မီးတာဆုံနှင့် မြို့တွင်း ဦးမဲကြီးတာဆုံနှင့် လေးကျွန်းများ၌ ဘဲသားမြက်ပင်များအား အမြဲတမ်း သပ်ရပ်မှုရှိစေရန်အတွက် ပုံသွင်းဖြတ်တောက်ခြင်းများ ဆောင်ရွက်ထားပြီး ယင်းတာဆုံများ၌လည်း မကြာမီ အလှပန်းများ ဆက်လက်စိုက်ပျိုးရန် စီစဉ်ထားပါတယ်''ဟု အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်က ဦးစွာပထမ ရှင်းပြသည်။

စိမ်းလန်းစိုပြည်ရေး

ဆက်လက်ပြီး လက်ထောက်ညွှန်ကြားရေးမှူးက ''ကျွန်တော်တို့မြို့အတွင်းတွင် အမှိုက်များ၊ အမှိုက်ပုံများဖြင့် အကျည်းတန်မှု မရှိစေရေးအတွက် နေ့စဉ် အမှိုက်သိမ်းယာဉ်များဖြင့် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အမှိုက်များကို သိမ်းခြင်း၊ မြို့တွင်းလမ်းများတွင် သန့်ရှင်းရေး လုပ်သားများဖြင့် နေ့စဉ်တံမြက်စည်းလှည်းခြင်းလုပ်ငန်းကို မြို့သန့်ရှင်းသပ်ရပ်မှုရှိစေရန် ဆောင်ရွက်ပေးထားလျက်ရှိပြီး ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်း ရေရှည်တည်တံ့စေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ထားရာ ဒိုက်ဦးမြို့တွင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ထားပါတယ်''ဟု ဆက်လက် ရှင်းပြသည်။

တည်ဆောက်ပေးနိုင်

''ထို့အပြင်ဒိုက်ဦးမြို့သည် မြို့နယ်မြို့ကြီးဖြစ်သော်လည်း ယခင်က မြို့နယ်ခန်းမဟူ၍ မရှိခဲ့ပေ။ ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် ၁၉၉၂ ခုနှစ်စက်တင်ဘာလတွင် ရန်ကုန်-မန္တလေးပြည်ထောင်စုကားလမ်းမကြီး၏ လမ်းဘေး ပေ ၃၀၀ခန့်အကွာနေရာ၌ အလျားပေ ၁၅၀၊ အနံပေ ၈၀နှင့် အမြင့် ၂၁ပေရှိ ခေတ်မီ ကျယ်ဝန်းလှပ ခံ့ညားထည်ဝါ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကောလိယ မင်္ဂလာခန်းမကြီးကိုလည်း တည်ဆောက်ပေးထားနိုင်ခဲ့ပြီးဖြစ်ပါတယ်''ဟု ရှင်းပြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးထက်အောင်ခန့်က ''မြို့တွင်းတွင်လည်း မြို့တွင်းလမ်း ၁၀၂လမ်းနှင့် မြို့တွင်း ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေမြှုပ်စုစုပေါင်း ၈၈စင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့တွင်းလမ်းအရှည် ၂၁မိုင် ၀ ဒသမ ၅၂ဖာလုံအနက် ကတ္တရာလမ်း ၆မိုင် ၀ဒသမ ၃၉ဖာလုံ၊ ကျောက်ချောလမ်း ၂မိုင် ၀ဒသမ ၂၂ဖာလုံ၊ ဂဝံလမ်း ၂မိုင် ၄ဒသမ ၀၀၆ ဖာလုံ၊ မြေသားလမ်း ၁၀မိုင်၂ဒသမ ၉၀၄ဖာလုံကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ထားရှိပြီး ကျန်မြေသားလမ်းနှင့် ကျောက်ချော ဂဝံလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြင့်ဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲပြီး နှစ်စဉ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

''ဒါ့အပြင် ကျေးလက်ဒေသနေပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သွားလာမှု၊ ဆက်သွယ်မှုလွယ်ကူစေရန်အတွက် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၁-၂၀၃၂ ဘဏ္ဍာရေးနှစ်အထိ နှစ်(၃၀) နှစ်ရှည် စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအစသို့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဂဝံလမ်းမှ ကတ္တရာလမ်းသို့ တစ်ဆင့်တိုးမြှင့်၍ ကတ္တရာလမ်း သုံးလမ်း၊ မြေသားလမ်းမှ ဂဝံလမ်းသို့ အဆင့်တိုး၍ ဂဝံလမ်း ၁၉လမ်း၊ မြေသားလမ်း ၂၃လမ်းတို့ကို ဆောင်ရွက်ပေးထားနိုင်ခဲ့ပြီး ကျေးလက်တံတားအနေဖြင့်လည်း ကွန်ကရစ်တံတား ၁၄စင်း၊ သစ်သားတံတား ၁၂စင်း၊ ရေမြှုပ်တံတား ၁၃စင်း စုစုပေါင်း ၃၉ စင်းကိုလည်း ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်''ဟု စိတ်ရှည်လက်ရှည် ရှင်းပြခဲ့သည်။

ပီတိစကား

သတင်းအဖွဲ့သည် ရသမျှအချိန်အတွင်း မြို့ပြနှင့်ကျေးလက် ဆက်သွယ်သော လမ်းများ၊ ကျေးရွာချင်းဆက် လမ်းများအား သွားရောက် လေ့လာခဲ့သည်။ ရှေးဦးစွာ ဒိုက်ဦးမြို့အတွင်း မြို့ပြလမ်းဖြစ်သော အမှတ်(၄)ရပ်ကွက် မြသီရိလမ်း ကတ္တရာခင်းထားမှုကို လေ့လာခဲ့သည်။ ၄င်းလမ်းသည် ယခင်က ကျောက်ခင်းလမ်းကြမ်းဖြစ်ပြီး ယခုနှစ် ကတ္တရာ အဆင့်မြင့်သော လမ်းဖြစ်သည်။ သတင်းအဖွဲ့သည် အဆိုပါ မြသီရိလမ်းအား ကြည့်ရှုလေ့လာနေစဉ် ကတ္တရာလမ်းပေါ်တွင် သွားလာနေသော ဒေသခံအချို့၏ ပီတိစကားကို ဆက်လက် တင်ပြလိုပါသည်။

မေး - အဘ အဘနာမည်က။
ဖြေ - ဦးသိန်းတန်ပါ။
မေး - ဘယ်မှာနေပါသလဲ။
ဖြေ - ဒီဇာတိပါ၊ ၁၄ရပ်ကွက်၊ မြသီရိလမ်းမှာ နေပါတယ်။
မေး - အသက် ဘယ်လောက်ရှိပြီလဲ။
ဖြေ - ၆၄နှစ် ရှိပါပြီ။
မေး - ဒီလမ်းက အရင်တုန်းက ဘယ်လို အခြေအနေ ရှိပါသလဲ။
ဖြေ - ဟိုတုန်းက သွားလာရတာ ကြမ်းပါတယ်၊ အုန်းမှုတ်ခွက်ပေါ် လမ်းလျှောက်ရသလိုပါပဲ၊ အဲဒီတုန်းက အဘ ဒူးကွဲ၊ ဒူးပြဲတယ်။ ကျောက်ကြမ်းပဲ ခင်းထားပါတယ်၊ လမ်းတွေက မကောင်းဘူး၊ ကလေးတွေလမ်းသွားရတာလည်း အဆင်မပြေဘူး၊ အခုလမ်းခင်းပေးထားတော့ ကလေးတွေရော၊ အဘတို့ပါ ဒီလမ်းကို အမှီပြုနေရတဲ့သူတွေအားလုံး အလွန်အဆင်ပြေကြပါတယ်။ အခုတော့ စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းမကြီးဖောက်လုပ်ပေးထားလို့ အခုလို လမ်းကြီးဖြစ်ပေါ်လာရတာကို ကျေးဇူးတင်လို့ မဆုံးပါဘူး။

ဆက်လက်၍ စက်ဘီးစီးလာသော ကျောင်းသားတစ်ဦးအား မေးမြန်းကြည့်ရာ-

မေး - သားနာမည်က
ဖြေ - မောင်စည်သူသိန်းတန်ပါ။
မေး - ဘယ်နှစ်တန်းရောက်ပြီလဲ။
ဖြေ - တက္ကသိုလ်ဝင်တန်းပါ။
မေး - ဘယ်ကျောင်းမှာ ပညာသင်ကြားနေပါလဲ။
ဖြေ - ဒိုက်ဦး အထကကျောင်းမှာ ပညာသင်ကြားနေပါတယ်။
မေး - အရင်တုန်းနဲ့ အခုလမ်းသွားရတာ ပြောပြပါဦး။
ဖြေ - အရင်တုန်းက သွားရတာ လမ်းကြမ်းတယ်၊ အခု လမ်းက သိပ်ကောင်းပါတယ်၊ ဒီလို လမ်းခင်းပေးတော့ အရမ်းပျော်ပါတယ်၊ အိမ်ကနေ ကျောင်းကိုလာရတာ အခု စက်ဘီး၊ ဆိုင်ကယ်တွေနဲ့ ကျွန်တော်တို့ သွားလို့ရနေပြီဖြစ်လို့ ယခုလို လမ်းခင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်

ဟု ဖြေကြားခဲ့သည်။

ရာသီမရွေးသွားလာ

ဆက်လက်၍ သတင်းအဖွဲ့သည် ရန်ကုန်-မန္တလေး ကားလမ်းအား ထိစပ်၍ ကျွန်းကုန်းကျေးရွာအထိ ဖောက်လုပ်ထားသော ၁မိုင်၊ ၁ဖာလုံရှိ ဂဝံလမ်းကို သွားရောက်လေ့လာခဲ့သည်။အဆိုပါလမ်းမှာ ယခင် မြေသွားလမ်း သုံးပေအကျယ် အဆင့်၌ရှိပြီး ၁၉၈၈ခုနှစ် နောက်ပိုင်း အကျယ် ၁၃ပေ၊ လမ်းအရှည် ၁၄မိုင်၊ မြေသားလမ်းကို ပထမဦးစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထပ်မံ၍ ဂဝံလမ်းအဖြစ် နှစ်အလိုက် အဆင့်မြင့်တင်ကာ တိုးချဲ့ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါလမ်းမှ ရှမ်းကျွန်းကုန်း၊ အုတ်ဝင်း၊ ၄က်သိုက်ပေါက်၊ ပုလိပ်ကွင်း၊ နတ်စင်ကုန်း၊ ပျဉ်ပုံနှင့် ကျောက်တလုံး စသည့် ကျေးရွာများသို့ ရာသီမရွေး သွားလာနိုင်ပေပြီ။

ထိုမှဆက်လက်ပြီး ထပ်မံ၍ ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ထိစပ်ဖောက်လုပ်ပေးထားသည့် ဆင်ကူး-မြောက်ချောကုန်း၊ လမ်းအရှည် ၂မိုင်၊ ၁ဖာလုံရှိ ဂဝံလမ်းချောအား ဆင်ကူးရွာအထိ သွားရောက်လေ့လာခဲ့သည်။ လယ်ကွင်းထဲမှ စပါးရိတ်သိမ်းပြီး ဂဝံလမ်းချောပေါ်သို့ တက်ရောက်လာသော ပေါက်တပင်ရွာနေ အစ်ကိုကြီး ဦးစံမြင့်အား လမ်းအခြေအနေနှင့်ပတ်သက်၍ အနည်းငယ် စပ်စုခဲ့ရာ ကျွန်တော်ငယ်စဉ်က ကားလမ်းနှင့် နီးစပ်ရာသို့သွားလိုပါက လယ်ကွင်းထဲမှ ဖြတ်၍ ခြေကျင် လမ်းလျှောက်ခဲ့ရပါတယ်။ ယခုပေရှည် ၂မိုင်၊ ၁ဖာလုံ ဂဝံလမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှုကြောင့် ကျွန်တော်တို့ ဆင်ကူးကျေးရွာအပြင် လယ်ကြားမြောင်၊ ဖန်ခါးကွင်း၊ ကန်ကလေး၊ ရွှေညောင်ပင်နှင့် ကုက္ကိုင်းကျေးရွာများမှလည်း ဤဂဝံလမ်းကို အသုံးပြုသွားလာလျက်ရှိ၍ ယခုဆိုလျှင် ဆိုင်ကယ်၊ စက်ဘီးနှင့် ဝွန်ဒေါင်းများ အသုံးပြု သွားလာနိုင်၍ ကျေးလက်နေ ပြည်သူများအနေနှင့် အချိန်တိုကာလအတွင်း သွားလာဆက်သွယ်မှု အဆင်ပြေကာ သွားရေး၊ လာရေးသာမက ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍတို့ပါ ဘက်ပေါင်းစုံ တိုးတက်လာပါကြောင်းနှင့် ယခုလို ကျေးလက်ဖွံ့ဖြိုးရေး ဂဝံလမ်းဆိုတာ အိပ်မက်ပင် မမက်ဖူးခဲ့ပါကြောင်း ဝမ်းသာစကား ပြောကြားသွားသည်။

ခြယ်မှုန်းထား

သတင်းအဖွဲ့ လေ့လာခဲ့သမျှ လမ်းများတစ်လျှောက်တွင် ရိတ်သိမ်းပြီး လယ်ကွင်းများ၊ ရိတ်သိမ်းရန် အသင့်ရှိနေသော စပါးပင်များ၊ ရိတ်သိမ်းနေသော လယ်ကွက်များနှင့် စိမ်းစိုလန်းဆန်းနေသော မိုးစပါးစိုက်ခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ခဲ့ရသည်။ မြန်မာ့လယ်ယာမြင်ကွင်းမှာ ရှုမငြီးဖွယ်ပင် အရောင်အသွေးစုံစွာ ခြယ်မှုန်းထားသည့် လက်ရာမြောက် ပန်းချီကားတစ်ချပ်နှယ်....။

တပ်မတော်အစိုးရလက်ထက် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်အတွင်း မိုးစပါးအောင်ရေ၊ ဆောင်းသီးနှံ၊ နွေစပါး၊ စိုက်ပျိုးနိုင်စေရန်အတွက် ဘောနီ၊ ပျဉ်ပုံ၊ ဘိုင်းဒါးနှင့် ကောလိယ ဆည်တမံအစုအဖွဲ့များ ပေါ်ထွက်လာလျက်ရှိသလို မြို့နယ်အတွင်း ခင်းပေးထားသော လမ်းများနှင့် တည်ဆောက်ပေးထားသော တံတားများ၊ ခရီးသွား အဆောက်အအုံများသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ဆီသို့ ချီတက်လျက်ရှိသည့် ပြည်သူတို့လျှောက်သော လမ်းခရီးများကို ပိုမိုချောမွေ့လွယ်ကူ ဖြောင့်ဖြူးစေသည်မှာ ဧကန်အမှန်ဖြစ်ပါကြောင်း သတင်းမြင်ကွင်းအဖြစ် ကွင်းဆင်းစေ့ငု တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်တွင် ခေတ်အဆက်ဆက်က မရှိခဲ့ဖူးသော ခေတ်မီ လှပကျယ်ဝန်းခမ်းနားသည့် ကောလိယမင်္ဂလာခန်းမကြီးကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ ဒိုက်ဦးမြို့ မြို့ဝင်မုခ်ဦးအား ဤသို့ မြေယာရှုခင်းအလှများဖြင့် အလှတန်ဆာ ဆင်ထားသည်။

''ကတ္တရာလမ်းမကြီး ဖောက်လုပ်ပေးထားလို့ အခုလိုလမ်းကြီး ဖြစ်ပေါ်လာရတာကို ကျေးဇူးတင်လို့ မဆုံးပါဘူး''

ဦးသိန်းတန်
(၁၄)ရပ်ကွက်၊ မြသီရိလမ်း။

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အလှပန်းပျိုးဥယျာဉ် စိုက်ခင်းကို ဤသို့ တွေ့ခဲ့ရသည်။

14-11 (11).pmd 1 11/14/2009, 12:30 PM

၁၉၈၄ခုနှစ်ဘူမိဗေဒ ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၃

၁၉၈၄ ခုနှစ် ဘူမိဗေဒကျောင်းသားကျောင်းသူဟောင်းများ၏ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲကို နိုဝင်ဘာ၂၈ရက်(စနေနေ့)တွင် M-3 Food Center (ဗဟန်း)၌ ညနေ ၅နာရီမှ၈နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် ဦးအောင်ချစ် ဖုန်း-၀၉-၈၅-၉၂၂၇၉၊ ဦးဇော်မင်း(၁) ဖုန်း-၀၉-၅၀-၀၀၆၈၆၊ ဦးထွန်းဇော်-ဒေါ်မာမာဆွေ ဖုန်း-၅၀၂၁၄၅၊ ဦးအောင်ချိုမင်း ဖုန်း-၀၉-၅၀-၁၀၆၅၆၊ ဦးဇော်မင်း(၂) ဖုန်း-၀၉-၅၁-၄၉၄၅၂နှင့် ဒေါ်ရွှေသဇင်ကြည် ဖုန်း- ၀၉-၉၉-၂၆၂၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏ သင်တန်းများ စတင်ဖွင့်လှစ်မည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာ တက္ကသိုလ်/ကောလိပ်/သိပ္ပံ ကျောင်းများ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် A.G.T.I (ပထမနှစ်)မှ B.E /B.Arch သင်တန်းအထိ သင်တန်းများအားလုံးကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

(က) **ကျောင်းအပ်လက်ခံမည့်ရက်** - ၂-၁၁-၂၀၀၉ရက် (တနင်္လာနေ့) မှ ၁၅-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့) အထိ

(ခ) **ကျောင်းစတင်ဖွင့်လှစ်မည့်ရက်** - ၁၆-၁၁-၂၀၀၉ရက် (တနင်္လာနေ့)

၂။ ၂-၁၁-၂၀၀၉ရက်မှ ၁၅-၁၁-၂၀၀၉ရက်အထိ ကျောင်းအပ်ခွင့်ရှိသော ကျောင်းသား ကျောင်းသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် နည်းပညာ တက္ကသိုလ်/ကောလိပ်/သိပ္ပံများသို့ သင်တန်းတက်ရောက်ခွင့်ရရှိသူ ကျောင်းသား ကျောင်းသူသစ်များ။

(ခ) နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများမှ A.G.T.I (ပထမနှစ်)မှ B.E/B.Arch သင်တန်းအထိ တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများ။

၃။ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများသည် (စနေ၊တနင်္ဂနွေနေ့) များတွင်ပါ ကျောင်းအပ်လက်ခံသွားမည် ဖြစ်ပါသည်။

၄။ ၁၅-၁၁-၂၀၀၉ ရက် နောက်ဆုံးထား၍ ကျောင်းအပ်လက်ခံမည်ဖြစ်ပါသဖြင့် သတ်မှတ်သည့်ရက်ထက်နောက်ကျလျှင် ကျောင်းတက်ရောက်ခွင့်ရှိမည်မဟုတ်ပါ။

၅။ ၁၆-၁၁-၂၀၀၉ ရက်တွင် ကျောင်းစတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းတွက်ချက်ရာတွင် ကျောင်းစတင်ဖွင့်လှစ်သော နေ့ရက်မှစ၍ ရေတွက်မည်ကို ကြိုတင်သိရှိနိုင်ပါရန် ဖော်ပြအပ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်/ သိပ္ပံများတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ
ဗိုလ်ကြီးမျိုးမွန်ထွန်း
B.E (Mechanical) (D.S.T.A)

နှင့်

မကြည်နန္ဒာစု
B.A (Hons:)
M.A., M.Res.(Library and Information Studies)
Diploma in Global English (Myanmar Teleport)

တို့၏ ၇-၁၁-၂၀၀၉ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၏ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂-၁၁-၂၀၀၉ရက် (တနင်္လာနေ့)တွင် Sedona Hotel (Mindon) ခန်းမ၌ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်နှင့် ဇနီးဒေါ်အေးခိုင်၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြသော ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)နှင့် ဗိုလ်မှူးကြီးဝင်းဇော်ညွန့်(ငြိမ်း)တို့အား လည်းကောင်း၊ မင်္ဂလာသြဝါဒစကား မြွက်ကြားပေးပါသော ဗိုလ်ချုပ်သန်းဦး (ငြိမ်း)အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင် ဦးရာဇာဝင်းတင့်နှင့် မဟေမာနေဝင်းတို့အားလည်းကောင်း၊ မင်္ဂလာရတုသီကျူးပေးပါသော ဦးရာဇာဝင်းတင့်နှင့် ဒေါ်တင်တင်မြတို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုချီးမြှင့်ပေးပါသော နိုင်ငံကျော်အဆိုတော်များနှင့် အေဝမ်းစိုးမြင့် တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော မောင်အောင်မိုးဟိန်းကျော်နှင့် မထက်ထက်ဦးအောင်၊ မင်္ဂလာပန်းကြဲပေးပါသော မနှင်းပွင့်ဖြူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မချောစုမွန်၊ သတို့သားအရံ ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးဟိန်းထက်ဇော်နှင့် ဗိုလ်ကြီးဟိန်းသူအောင်၊ သတို့သမီးအရံ ဆောင်ရွက်ပေးပါသော မသက်မွန်မြင့်အောင်နှင့် မယဉ်ယဉ်စိုးတို့အားလည်းကောင်း၊ သတို့သမီးလက်ကိုင်ပန်းနှင့် မင်္ဂလာပန်း အလှပြင်ဆင်ပေးပါသော ဦးမြတ်သန့်၊ မိတ်ကပ်နှင့် ဆံပင်အလှ ဖန်တီးရှင် ဦးမာနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော ဦးဌေးဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာသတို့သမီးဝတ်စုံအလှဖန်တီးရှင် အန်တီရတနာတို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများကို စီစဉ်ဆောင်ရွက်ပေးသော (Eternal Floral) မှဒေါ်နီလာနှင့် (LOVE) မှ ဒေါ်ခင်သန်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လိုအပ်သည်များကိုကူညီပေးပါသော Sedona Hotel မှ မန်နေဂျာ မလီလီနှင့် ဝန်ထမ်းများအားလည်းကောင်း၊မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မေတ္တာဖြင့်ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမျိုးမွန်ထွန်း-မကြည်နန္ဒာစု။

တောင်ငူဂျီတီအိုင် အာစရိယပူဇော်ပွဲ

တောင်ငူ နိုဝင်ဘာ ၁၃

နဝမအကြိမ်မြောက် တောင်ငူဂျီတီအိုင် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယ ပူဇော်ပွဲကိုဒီဇင်ဘာ၂၇ရက်တွင်မရမ်းကုန်းမြို့နယ်(၈)မိုင် ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကိုနိုင်မင်းသူ ဖုန်း-၀၉-၅၀-၅၉၉၈၉၊ မနုနုလွင်ဖုန်း-၀၉-၅၀-၆၂၈၁၇၊ မခင်မာလာထွန်း ဖုန်း-၀၉-၅၁-၆၁၂၄၊ ကိုအေးကို ဖုန်း-၀၉-၅၁-၃၀၆၁၅၊ ကိုတင်အောင်သန်း ဖုန်း-၀၉-၅၁-၂၂၀၁၆၊ ကိုမြင့်နိုင် ဖုန်း - ၀၉ - ၅၁ - ၁၄၂၆၂၊ ကိုသန်းနိုင်(တောင်ငူ) ဖုန်း-၀၉-၅၃-၅၂၂၂၆ နှင့် ကိုအောင်ဝဏ္ဏ (ညောင်လေးပင်) ဖုန်း-၀၉-၅၃-၈၅၂၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ အလုံတပ်မြို့၊ ရွှေတံခါးရပ်ကွက်နေ
(ဦးဘရှင်-ဒေါ်အုံး)တို့၏သား
မောင်ငွေစိုးလွင် B.Sc(Maths;)
(ဦးစီးအရာရှိ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ မိတ္ထီလာမြို့)
နှင့်
မိတ္ထီလာမြို့၊ ပေါက်ချောင်းကွက်သစ်၊ သရဖီလမ်းနေ
ဦးကျော်စ-ဒေါ်မြင့်မြင့်ဝင်း (ရွှေဟင်္သာ၊ ကြေး-သံကုန်သည်)တို့၏သမီး
မကေသွယ်မြင့် B.Econ(Stat:)

တို့သည် နှစ်ဖက်သောလူကြီးမိဘတို့၏ သဘောတူညီချက်အရ ၁၀-၁၁-၂၀၀၉ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ငွေစိုးလွင်-မကေသွယ်မြင့်။

စာအုပ်စာပေ လှူ့မိတ်ဆွေ

တက်နေလင်းကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်ပန္နက်တင်

ဇန်းမော် နိုဝင်ဘာ ၁၃

ဇန်းမော်မြို့နယ် စီအင်ကျေးရွာတွင် စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို နိုဝင်ဘာ၁၁ ရက် အဆိုပါစာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးမျိုးဝင်း၊ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်၊ မြို့နယ်ဦးစီးမှူး ဒေါ်သီတာအေး၊ ကျေးရွာဥက္ကဋ္ဌ ဦးမရန်လော့ဒ်အောင်နှင့် ရပ်မိ ရပ်ဖ ဦးရွှေထွန်းတို့က မင်္ဂလာအချိန်တွင် ပန္နက်ရိုက်ပေးကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က စာကြည့်တိုက် အမြန်ဆုံးအကောင်အထည်ဖော်ဆောက်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံများ ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ ညောင်ဦး၌ကျင်းပ

ညောင်ဦး နိုဝင်ဘာ ၁၃

ညောင်ဦးခရိုင်အတွင်းရှိ မန်ကျည်းစောက်ကျေးရွာ မေတ္တာရိပ်စာကြည့်တိုက်နှင့် ဗြူကြီးကျေးရွာ အမေ့ရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်နိုင်ရန် နိုင်ငံတော်မတည်ငွေများ ပေးအပ်ပွဲနှင့် ကျေးရွာများမှ ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေပေးအပ်ပွဲကို နိုဝင်ဘာ၂ရက်က ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဏ်လင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းထွန်းက သတ်မှတ်စံ(၅)ချက်နှင့် ညီသည့်စာကြည့်တိုက်များ ပေါ်ထွန်းလာရေး ဟောပြောသည်။

ပေးအပ်

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းက စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် နိုင်ငံတော်မတည်ငွေများကို မန်ကျည်းစောက်ကျေးရွာ မေတ္တာရိပ်စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဝင် ဦးဟန်ဝိုင်းထံ ပေးအပ်သည်။ **(အပေါ်ပုံ)** (ခရိုင် ပြန်/ဆက်)

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်ကွင်းဆင်း၍ (၈၉)နှစ်မြောက် အမျိုးသားနေ့ နံရံကပ်စာစောင်ပြသခြင်းနှင့် ဟောပြောပွဲကို နိုဝင်ဘာ ၁၀ရက်က အမှတ်(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းအေးက စံ(၅)ချက်နှင့် ပြည့်စုံသည့် ခိုင်မာစာကြည့်တိုက်ဖြစ်ပေါ်ရေး ဆွေးနွေးစဉ်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသားနေ့ အထိမ်းအမှတ်ဟောပြောပွဲ တာမွေ အမက(၇)တွင် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမက(၇)တာမွေတို့ ပူးပေါင်းဆောင်ရွက်သည့် (၈၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀နာရီခွဲက တာမွေမြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း၌ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက အဖွင့်အမှာစကား ပြောကြားပြီး**(အပေါ်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးက အမျိုးသားနေ့နှင့် ကျွန်ုပ်တို့တာဝန်ခေါင်းစဉ်ဖြင့် ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

စိတ်နောက်ကိုယ်ပါသွားလာခဲ့ပါလျှင် . . .

နိုင်ငံတကာမှုခင်း

မိမိတို့ မိဘဆွေမျိုး၊ သားသမီးနှင့် အနီးစပ်ဆုံးမိတ်သင်္ဂဟများအနက် တစ်ဦးဦးပျောက်နေပြီဆိုလျှင် အကြီးအကျယ် ပူဆွေးသောက ဗျာပါဒများ ဖြစ်ကြရစမြဲပင်။ ပျောက်ဆုံးသွားသူသည် လူဆိုး လူမိုက်များ ခေါ်ဆောင်သွားလေပြီလား၊ မသမာသူတို့ လုယက်သတ်ဖြတ်လိုက်ကြပြီလား၊ မိမိနေအိမ်တွင် မနေလိုတော့သည့် အခြေအနေကြောင့် တခြားတစ်ပါးသို့ တိမ်းရှောင်ပုန်းအောင်းနေလေပြီလား၊ သေသလား၊ ရှင်သလားမသိ ဖြစ်ကြရသည်။ သို့လော သို့လောဖြစ်ကြရသည်။ ဘယ်ဆီသွား၍ ဘယ်ဆီရှာရမှန်း မမှန်းဆနိုင်အောင် ဖြစ်ကြရ၏။ စိုးရိမ်သောကကြီးစွာဖြင့် မျက်ရည်ပေါက်ကြီးငယ်ကျကာ ကမ္ဘာကုန်ကျယ်သရွေ့ နေရာအနှံ့ မိုးလုံးပတ်လည် ရှာရဖွေရ၊ မေးရမြန်းရ၊ စုံစမ်းရ ဖြစ်ရလေပြီ။

မော်ဂန်ဒါနာဟယ်ရင်တန်

ပျောက်ဆုံး

ဗာဂျီးနီးယားပြည်နယ် ချာလို့တက်စဗီလီဗာဥ္စကျင်းပသည့် မန်တယ်လီကာ တေးဂီတဖျော်ဖြေပွဲတွင် ဗာဂျီးနီးယား နည်းပညာတက္ကသိုလ်ကျောင်းသူ မော်ဂန်ဒါနာဟယ်ရင်တန်သည် သူမ၏ အပေါင်းအသင်း မိန်းကလေး သူငယ်ချင်းနှင့် ပွဲအတူသွားရာမှ အဖော်ကွဲပြီး ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့သည်။ သူမ၏ အရွယ်မှာ အသက် ၂၀ အရွယ်။

သူမပျောက်သွားချိန်တွင် အနက်ရောင် ပန်တီရာတီရှပ်၊ အနက်ရောင် မီနီစကတ်၊ ဒူးဆစ်ဖုံးလောက်အောင် ရှည်သည့် ခပ်ကျပ်ကျပ် အနက်ရောင် ဘွတ်ဖိနပ်ရှည်တို့ကို ဝတ်ဆင်လျက်...

ပြောကြား

"သူမ သေပြီလော၊ ရှင်နေသလော မသိ"ဟု ရာဒါက "ချာလို့ တက်စဗီလီ" သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

အကြောင်းကြား

ဟယ်ရင်တန်သည် အောက်တိုဘာ ၁၇ရက် ညဇနာရီခွဲအချိန်အထိ တေးဂီတဖျော်ဖြေပွဲ ပွဲခင်းအနီး ယောင်ချာချာဖြင့် သွားလာနေသည်ကို တွေ့ရသေးသည်။ သူမကို တွေ့သေးကြောင်း ရဲတပ်ဖွဲ့ဝင်များက အတည်ပြုပြောကြားသည်ဟု ရဲအရာရှိတစ်ဦးက ဆိုသည်။ သူမက သူမ၏အဖော်နှင့်ခွဲခွာပြီး သီးခြားပွဲခင်းအနီး လျှောက်သွားနေသည်ကို သူမ၏ အဖော်များအား အကြောင်းကြားခဲ့သေးကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

တွေ့ရှိ

သို့သော် ဟယ်ရင်တန်၏လက်ကိုင်အိတ်နှင့်လက်ကိုင်ဖုန်းကို ပွဲခင်းနှင့် အားကစားကွင်းကြား မြေကွက်လပ် ကားထားရာ နေရာတစ်ခု၌ လမ်းသွားလမ်းလာတစ်ဦးကတွေ့ရှိကြောင်း၊ ယင်းပစ္စည်းများကို အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းတွင် ပြန်အပ်ကြောင်း၊ ယင်းပစ္စည်းများတွေ့ရှိသည့်နေရာတွင် ရှန်းရှင်းဆန်ခတ်ပြုလုပ်ခဲ့သည့် လက္ခဏာမတွေ့ရကြောင်းဖြင့်လည်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆုံးသတ်

လက်ကိုင်အိတ်နှင့် လက်ကိုင်ဖုန်း (ဆဲလ်ဖုန်း)များတွေ့ရှိသည့်နေရာတွင် အနံ့ခံအမှုလိုက်ခွေးများနှင့်လည်း စုံစမ်းစစ်ဆေးခဲ့ကြောင်း၊ ယခုအခါ စုံစမ်းစစ်ဆေးမှုများကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ရဲက ပြောကြားသည်။

လက်ခံရရှိ

ရဲတပ်ဖွဲ့က ယင်းအမှုနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းမှ သတင်းအရိပ်အမြွက် ၁၀၀ ကျော်လက်ခံရရှိကြောင်း ဖော်ပြထားသည်။ ယင်းအမှုနှင့်ပတ်သက်၍ သတင်းပေးနိုင်သူအား ဆုငွေအဖြစ် ဒေါ်လာငါးသောင်း ပေးရန် စီစဉ်ထားကြောင်းဖြင့်လည်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။ အသေးစိတ်ကို ဖော်ထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့်လည်း အင်တာနက်၌ ဖော်ပြထားသည်။

မည်သို့ပင်ဖြစ်စေကာမူ ယခုအချိန်အထိ သူမကို ရှာမတွေ့သေးပေ။

စုံစမ်းလျက်ရှိ

ကံကောင်းထောက်မလို့ လူကောင်းသူကောင်းနှင့်တွေ့ပြီး ဟယ်ရင်တန် သေကံမရောက် သက်မပျောက် အိမ်ပြန်ရောက်လာပါစေ၊ မသူတော်နှင့်လွဲပါစေ ဆုတောင်းနေရုံမှတစ်ပါး အခြားမစဉ်းစားတတ်တော့ပေ။ ဟယ်ရင်တန်အား ပြန်ရှာတွေ့ရန် ရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိနေသည်။ ယခုအချိန်အထိ ခိုင်မာသော သတင်းအချက်အလက် မရရှိသေးချေ။

ယခုအဖြစ်အပျက်ကို ကြည့်လျှင် အဖော်သူငယ်ချင်းများနှင့်အတူ သွားလာသည့်အခါ ရုတ်တရက်တစ်ဦးတည်း သီးခြားသွားလာမှု၊ အတူသွားလာသည့် အဖော်များအား တစ်စုံတစ်ရာအသိပေးမှုမရှိဘဲ မိမိဆန္ဒရှိသည့်အတိုင်း ဖယ်ခွာသွားလာမှုသည် မမျှော်လင့်သည့် ဆိုးရွားသောဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရတတ်သည်မှာ သင်ခန်းစာယူစရာပင်ဖြစ်ပါကြောင်း။ ။

ကိုးကား - အင်တာနက်

ဆွေ-စုစည်းသည်။

မော်ဂန်ဒါနာဟယ်ရင်တန်သည် သူမ၏ အပေါင်းအသင်း မိန်းကလေးသူငယ်ချင်းနှင့် ပွဲအတူသွားရာမှ အဖော်ကွဲပြီး ပျောက်ချင်း မလှ ပျောက်ဆုံးသွားခဲ့။

ဘဝအမောပြေ — စစ်ဆေးပေးပါ....

ဆရာဝန်တစ်ဦးထံသို့ အမျိုးသမီးတစ်ဦးရောက်ရှိလာပြီး သူမခံစားနေရသော ဝေဒနာအား ဆေးကုသပေးရန် ပြောကြားလေသည်-

အမျိုးသမီး ။ ။ ဒေါက်တာ... ကျွန်မ နေထိုင်မကောင်းဘူးဖြစ်နေတယ်။
ဆရာဝန် ။ ။ ဟုတ်ကဲ့ ပြောပြပါ။
အမျိုးသမီး ။ ။ ကျွန်မမှာ အစာအိမ်ရောဂါဖြစ်နေတယ်။
ဆရာဝန် ။ ။ ဟုတ်လား
အမျိုးသမီး ။ ။ အစာအိမ်ကအရမ်းနာနေလို့ ဆေးသောက်ထားပါတယ်။
ဆရာဝန် ။ ။ ဟုတ်ကဲ့
အမျိုးသမီး ။ ။ ကျွန်မမှာ သွေးတိုး၊ ဆီးချိုနဲ့ နှလုံးတွေတော့ကောင်းပါတယ်။
ဆရာဝန် ။ ။ 'သြော်'....
အမျိုးသမီး ။ ။ အခု အစာအိမ်ရောင်နေတာလည်း ဆေးသောက်ထားပြီးပါပြီ
ဆရာဝန် ။ ။ ကဲ...ဒါဆိုရင်လည်း ကျွန်တော့်ကျန်းမာရေးကောင်းမကောင်းကို ခင်ဗျားပဲစစ်ဆေးပေးသွားပါတော့ဗျာ
အမျိုးသမီး ။ ။ **'ရှင်'**

ဘဝဒဿန

❐ ***The busy have no time for fears.***

အလုပ်များနေသူများသည် စိုးရိမ်ထိတ်လန့်ရန်အတွက် အချိန်မရှိကြပေ။
လော့ဒ်ဘိုင်ရွန်
(အင်္ဂလိပ်လူမျိုးကဗျာဆရာ)

❐ ***Ignorance never settles a question.***

မသိနားမလည်ခြင်းသည် ပြဿနာတစ်ရပ်ကို မည်သည့်အခါမျှ ဖြေရှင်းပေးနိုင်မည် မဟုတ်ပေ။
ဒစ္စရီလီ
(အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသိန်းနှင့်မြကေခိုင်စိုး

ကမ္ဘာ့စိတ်ဝင်စားဖွယ်ရာယာဉ်များ

မောင်မောင်မြင့်ဆွေ စုစည်းသည်

ကမ္ဘာ့အမြန်ဆုံးရထား

စပိန်နိုင်ငံတွင် လက်ရှိပြေးဆွဲနေသော အေဗွီအီးအက်စ် ၁၀၃ အမည်ရှိ ရထားသည် ကမ္ဘာ့အမြန်ဆုံးရထားဖြစ်သည်။ ဂျာမနီနိုင်ငံမှ ရထားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ပြုလုပ်ထားခြင်းဖြစ်ရာ တစ်နာရီလျှင် ၄၀၃ ဒသမ ၇မိုင်နှုန်း မောင်းနှင်နိုင်သည်။ စပိန်နိုင်ငံ မက်ဒရစ်မြို့နှင့် ဘာစီလိုနာမြို့အကြား ခရီးစဉ်ကိုပြေးဆွဲနေခြင်းဖြစ်သည်။

ယခင်က ကမ္ဘာ့အမြန်ဆုံးရထားမှာ တစ်နာရီလျှင် ၃၆၈ မိုင်နှုန်း မောင်းနှင်နိုင်သည့် စံချိန်ဖြစ်သည်။ အေဗွီအီးအက်စ် ၁၀၃ ရထားမှာ လက်ရှိအချိန်၌ ကမ္ဘာ့အမြန်ဆုံးရထားဖြစ်သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

ကမ္ဘာ့တစ်ဝန်းတွင် ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးတို့အတွက် သင်္ဘော၊ လေယာဉ်နှင့် မော်တော်ယာဉ်များကို ထုတ်လုပ် အသုံးပြုလျက်ရှိရာ စိတ်ဝင်စားဖွယ် ပြုလုပ်ထားသောယာဉ်များအား စုစည်းဖော်ပြလိုက်ရပါသည်-

အလူမီနီယံဖြင့် ပြုလုပ်ထားသည့် မော်တော်ယာဉ်

အမေရိကန်နိုင်ငံ ဂျီဖို့ဒ်မော်တော်ကားကုမ္ပဏီမှ ထုတ်လုပ်လိုက်သော မော်တော်ယာဉ်တစ်စီးသည် အစိတ်အပိုင်းအားလုံး အလူမီနီယံ များဖြင့်သာ ပြုလုပ်ထားသည်။ အင်ဂျင်စွမ်းအားမှာ မြင်းကောင်ရေ ၁၆၀၀ ရှိပြီး လေယာဉ်အင်ဂျင် အမျိုးအစားဖြစ်သည်။

ပထမဆုံး

ငင်းယာဉ်သည် ခြောက်ဦးစီးနိုင်ပြီး မော်တော်ယာဉ်အတွင်း ဒီဗွီဒီ၊ MP-3 စသည့် ကိရိယာများ၊ လေအေးပေးစက်များ တပ်ဆင်ထားသည်။ ကမ္ဘာပေါ်တွင် အလူမီနီယံဖြင့် ပြုလုပ်ထားသည့် ပထမဆုံး မော်တော်ယာဉ်လည်းဖြစ်သည်။ (အောက်ပုံ)

(အင်တာနက်)

အသေးငယ်ဆုံး အပျော်စီးသင်္ဘော

ဗြိတိန် သင်္ဘောကုမ္ပဏီတစ်ခုက ထုတ်လုပ်လိုက်သော အပျော်စီးသင်္ဘောတစ်စင်းသည် အရှည် ၁၀ပေရှိပြီး လေစွမ်းအားနှင့်နေစွမ်းအင်ကို အသုံးပြု ခုတ်မောင်းနိုင်သည်။ ရေကူးကန်၊ နားနေခန်းနှင့် ခရီးသည်များ လိုက်ပါစီးနင်းနိုင်သည့်နေရာတို့ ပါဝင်သည်။

အပန်းဖြေ

ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး အပျော်စီးသင်္ဘောကို ကမ္ဘာလှည့် ခရီးသည်များ အပန်းဖြေစီးနိုင်ရန် ပြုလုပ်ထားခြင်းဖြစ်သည်။ **(အပေါ်ပုံ)**
(အင်တာနက်)

ဆရာခိုအမှတ်တံဆိပ် အနာလိမ်းဆေးသတိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားသည် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အိမ်အမှတ်(၇၉)နေ ဒေါ်စန်းစန်းမြင့် ၁၂/တမန(နိုင်)၀၄၅၁၃၈ အပါအဝင် ညီအစ်မငါးဦးတို့က ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတွင် တစ်ဦးတည်းမူပိုင် မှတ်ပုံတင် ပြုလုပ်ပြီး သုံးစွဲမည့်ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားဖြစ်ပါသည်။



အထက်ပါကုန်အမှတ်တံဆိပ်အမှတ်အသားမှာ အနီရောင်နောက်ခံတွင် ဆရာခိုအမည်အား စာလုံးကြီးနှင့်ရေးသား၍ ဆရာခိုစာလုံး၏အောက်ထောင့်တွင် အမှတ် တံဆိပ်ဟု စာလုံးသေးဖြင့် ရေးသားထားပါသည်။ ၎င်း၏အောက်တွင် စာမပါသော ဇီစကြာပုံရှိပြီး စာလုံးအလတ်ဖြင့် အနာလိမ်းဆေးဟု ရေးသားပါရှိသော အမှတ်အသားဖြစ်ပါသည်။ ပုံများ၊ စာများမှာ အဖြူရောင်ဖြစ်ပါသည်။

ဆရာခိုသမီးများ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ပဒုမ္မာရွှေကြာဆေးတိုက်မှ ထုတ်လုပ်သော ဆေးအမှတ်တံဆိပ်ကို မူလကုန်အမှတ်တံဆိပ်မှ ၂၁-၁၀-၂၀၀၉ရက် ဗဟိုတိုင်းရင်းဆေးဝါးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အထက်ပါကုန် အမှတ်တံဆိပ်ကို ပြင်ဆင်သတ်မှတ် ထုတ်လုပ်ခွင့်ပြုပြီးဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံးအစရှိသည်တို့တွင် အသုံးပြု သွားမည်ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ဆရာခိုအနာလိမ်းဆေးကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အဆိုပါပစ္စည်းအမျိုးမျိုးတွင် ထည့်သွင်းအသုံးပြုသော ပုလင်း၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့ အပေါ်တွင် ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ပြုလုပ်ပြီး ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်ရန်အတွက် အထက်ပါကုန်အမှတ်တံဆိပ် အမှတ်အသားအား စာချုပ်အမှတ် ၆၄၅၂/၀၉ ရက်စွဲ (၂၇-၈-၂၀၀၉) ဖြင့် မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။

သို့ပါ၍ ဤကြော်ငြာပါရှိပြီးသည့်ရက် နောက်ပိုင်းမှစ၍ အထက်ပါကုန်အမှတ်တံဆိပ် အမည်ပါအမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ (ဆရာခို)အမည်ကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့မဟုတ်)လူအများ (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုက ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ထွန်း B.Sc., R.L အထက်တန်းရှေ့နေ (စဉ်-၂၂၈၂၇)
အမှတ် ၅၀၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တိုက်ခန်းနှစ်ချုပ်ငှားမည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်၃၂၅၊ ဗိုလ်ဆွန်ပက်လမ်း၊ ဒုတိယထပ် (၁၂½×၆၀)ပေ၊ ရေ၊ မီး၊ ဖုန်း AC ပါ ငှားမည်။
ဖုန်း-၂၅၁၅၀၅။



ခွေးရောင်းမည်

ခြံစောင့်ခွေး၊ အလှမွေးခွေး
သားပေါက်မျိုးစုံ
IMPORTED ဆေးထိုးပြီး။
ဖုန်း-၀၉-၅၀၅၄၈၀၁။

စွမ်းစွမ်းကိုခေါ်ပါ

TV နှင့် Computer များ အိမ်အရောက် ပြုပြင်သည်။ TV, Computer, UPS မီးအားမြှင့်စက်နှင့် အင်ဗာတာအဟောင်း အပျက်များ လိုက်လံဝယ်သည်။ ဖုန်း-၅၄၀၇၉၅။

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်းစနစ်တကျလမ်းဖြတ်ကူးကြရန်နှင့်အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် နိုဝင်ဘာ ၁၃

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့ပြလမ်း၊ သီရိလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၀ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ကျောက်ချောခင်း

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့မ(၅)ရပ်ကွက်ရှိ သိပ္ပံလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲ ကျောက်တံတား၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျေးလက်စာကြည့်တိုက်များအတွက် အလှူရှင်များက စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ခရိုင်ရုံးစာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ပန်းဘဲတန်းမြို့နယ်မှ ဦးစိုးမြင့်မိသားစုက ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ ဂျာနယ်မျိုးစုံအစောင် ၇၀၀ ကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်မှ ဒေါ်ညိုနှင့် ရုပ်ရှင်သရုပ်ဆောင် စုလှိုင်နှင်း မိသားစုက ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်း ၈၄ အုပ်နှင့် ဂျာနယ်အစောင်၂၆၀ တို့ကိုလည်းကောင်း၊ လှိုင်မြို့နယ်မှ ဦးကြည်မြင့်၊ ဒေါ်စန်းစန်းရီ မိသားစုက ငွေကျပ် ၇၁၀၀ တန်ဖိုးရှိ မဂ္ဂဇင်းနှင့် ဂျာနယ် ၃၄ စောင်ကိုလည်းကောင်း၊ 7days News ဂျာနယ်တိုက်မှ ငွေကျပ် ၁၆ သိန်းတန်ဖိုးရှိ 7 days ဂျာနယ်အစောင် ၄၀၀၀ နှင့် Internet ဂျာနယ်အစောင် ၄၀၀၀ တို့ကိုလည်းကောင်း၊ တာမွေ(ကျောက်မြောင်း)မှ ဦးဇော်ထွန်း(ကနီ)က ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ ဂျာနယ်မျိုးစုံအစောင် ၇၀၀ **(အပေါ်ယာပုံ)**ကိုလည်းကောင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းကြရာ ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ အဆိုပါလှူဒါန်းပွဲတွင် အလှူရှင်ငါးဦးတို့က ငွေကျပ် ၁၈၆၇၉၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၉၀၇၈ စောင်တို့ကို လှူဒါန်းကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၁၆-၁၁-၂၀၀၉ (တနင်္လာနေ့)

- ☐ Research Methodology (3)+(4)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Psycholinguistics (1)+(2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၇-၁၁-၂၀၀၉(အင်္ဂါနေ့)

- ☐ Teaching Short Story (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Teaching Short Story (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၈-၁၁-၂၀၀၉(ဗုဒ္ဓဟူးနေ့)

- ☐ Teaching Business English (1,2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Teaching Business English (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၉-၁၁-၂၀၀၉(ကြာသပတေးနေ့)

- ☐ Teaching Literature as Resource in Language Classrooms
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Promoting Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၀-၁၁-၂၀၀၉(သောကြာနေ့)

- ☐ Teaching Listening Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Developing Speaking Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Developing Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၁-၁၁-၂၀၀၉(စနေနေ့)

- ☐ Meristematic Tissues and Permanent Tissues
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Nucleic Acid
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Dispersal of Plants
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Biochemistry I
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Biochemistry II
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Electrophilic Addition to Unsaturated Carbon
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Fourier Series
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၂-၁၁-၂၀၀၉(တနင်္ဂနွေနေ့)

- ☐ သံယုတ္တနိကာယလာ ကိုယ်ကျင့်တရား
  - ဒုတိယနှစ် အရှေ့တိုင်း၊ မြန်မာစာ၊ ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ကာရကအသုံးအနှုန်း
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ပါဠိဘာသာအကြောင်းလေ့လာချက်
  - ဒုတိယနှစ် မြန်မာမှု၊ အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Introduction to South East Asia
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Background of European in Southeast Asia
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Forty-years War
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ မြန်မာ၊ မြန်မာစကား
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

ဒိုက်ဦးမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးသစ်လွင် ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-ပိန်းဇလုပ်သိန်းညွှန့်
စာမျက်နှာဖွဲ့စည်းမှု-တိုးလွင် (မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီး မြို့ပြနှင့် ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီကို ဖွဲ့စည်းလျက် အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိသည်။

စည်ပင်သာယာ

သတင်းအဖွဲ့သည် ပဲခူးတိုင်း ဒိုက်ဦးမြို့သို့ ရောက်ရှိစဉ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပစေရေး ဆောင်ရွက်ထားမှုများနှင့် မြို့ပြနှင့်ကျေးလက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ထားမှုများကို လေ့လာသိရှိလို၍ မြို့နယ်စည်ပင်သာယာရုံးသို့

စာမျက်နှာ ၁၁ ကော်လံ ၁ ●

မြန်မာ့အလင်း **အင်တာနက် ကျန်းမာရေး**

ဦးနှောက်စွမ်းအားတိုးစေသည့် အညိုရောင်ချောကလက်

အညိုရောင်ချောကလက်များတွင်ပါဝင်သည့် ဓာတုပစ္စည်းများသည် အသက်ကြီးလာသည်နှင့်အမျှ ကြုံတွေ့ရသည့် ပါးရေနားရေတွန့်ခြင်းကို တားဆီးကာကွယ်နိုင်သည့်အပြင် နေပူခံသဖြင့် ခရမ်းလွန်ရောင်ခြည်ကြောင့် ဖြစ်တတ်သည့် အရေပြားကင်ဆာကိုလည်း အကာအကွယ်ပေးနိုင်သည်။

လျှော့ပါးစေ

ယခင်သုတေသနပြုချက်များအရ အညိုရောင်ချောကလက်သည် သွေးကြောထုံးမှုကို လျှော့ပါးစေပြီး လမစေ့မီ ကလေးမွေးဖွားမှုကို ကာကွယ်ပေးသည်။ သွေးပေါင်ချိန်တက်မှုကို ထိန်းပေးသည်။ အူမကြီးကင်ဆာကို တိုက်ဖျက်ကာကွယ်နိုင်ကြောင်း သိရသည်။

တိုးပွားစေ

ယခုနှစ်ဆန်းပိုင်းက ဆွစ်ဇာလန်သုတေသီများ၏ တွေ့ရှိချက်အရ အညိုရောင်ချောကလက်ကို ရက်သတ္တပတ်လျှင် နှစ်ကြိမ်စားပေးပါက နှလုံးရောဂါကို ကာကွယ်ပေးနိုင်သည် ဆို၏။ ထို့ပြင် စိတ်ကစဉ့်ကလျားဖြစ်ခြင်းကိုလည်း လျှော့နည်းပပျောက်စေပြီး ဦးနှောက်စွမ်းအားတိုးပွားစေသည်ဟု သိရသည်။ ။

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။